# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၈၆)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် ၁၃ ရက် ၊ ၁၂–၆–၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးက ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းမောင်နှင့် ဇနီး၊ ဒေါက်တာမောင်သင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လှဲလှဲသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးယာယီတာဝန်ခံ Ms.Natalia Nefedova ၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးယာယီတာဝန်ခံက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာအခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms.Natalia Nefedova က ကြိုဆိုနှုတ်ဆက်စဉ်။

## ကူဝိတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ အရေးပေါ်အကူအညီအတွက် ဆက်သွယ်နိုင်

**ရန်ကုန် ဇွန် ၁၁**

ကူဝိတ်နိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုများဖြစ်ပေါ်နေကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် မြန်မာနိုင်ငံသားများအနေဖြင့် အချိန်မရွေး သတိထားနေထိုင်ကြရန် ကူဝိတ်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးက ဇွန် ၁၁ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်။

ကူဝိတ်ရှိ မြန်မာနိုင်ငံသားများအနေဖြင့် စစ်ရေး၊ လုံခြုံရေးဆိုင်ရာ တည်နေရာများ၊ ကာကွယ်ရေးလုပ်ဆောင်နေမှုများ၊ လုံခြုံရေးပြင်ဆင်မှုများနှင့် သက်ဆိုင်ရာဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးခြင်း သို့မဟုတ် ဖြန့်ဝေခြင်းကို ရှောင်ကြဉ်ကြရန်နှင့် ထိုကဲ့သို့ အပြုအမူများသည် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သဖြင့် ကူဝိတ်အာဏာပိုင်များက ယင်းလုပ်ရပ်များကို ဥပဒေအရ တိတိကျကျ အရေးယူမှုပြုလုပ်မည်ဖြစ်ကြောင်း သတိပေးထားသည်ကို ထပ်ဆင့်အသိပေးဖော်ပြအပ်ကြောင်း သံရုံးမှ ထုတ်ပြန်ထားသည်။

ကောင်စစ်ဆိုင်ရာ အရေးပေါ်အကူအညီများလိုအပ်ပါက Mobile:65840789,60395031, Whatsapp's Number နှင့် Email: consularmekuwait@gmail.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

MT

0-0-0-0-0

0-0-0

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေသည်။

နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာ်ပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

မိုး/ဓလ

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဇွန် ၁၂ ရက်၊ သောကြာနေ့။

မန္တလေး

# မေတ္တာပေး၍ မေတ္တာရအောင် ယူတတ်ဖို့ လိုအပ်မည်

သူတစ်ပါးအပေါ် ချစ်ခင်ကြင်နာတတ်သော စစ်မှန်သည့် ငြိမ်းအေးမှုကိုရလိုလျှင် အနှစ်နာခံ ကိုယ်ကျိုးစွန့်ကာ ဖေးမကူညီပေးဆပ်နိုင်သောသူဖြစ်ရန်မှာ အတ္တ မပါသော မေတ္တာတရားရှိမှသာ ဖြစ်နိုင်မည်ဖြစ်သည်။ မည်သူ့ကိုမှ ဒုက္ခမပေးတတ်သူ မည်သူ့အကျိုးကိုမဆို လိုလိုလားလားဆောင်ရွက်တတ်သူ ဖြစ်မှသာ အပြန်အလှန်အားဖြင့် မေတ္တာ၏အကျိုးကို ခံစားရရှိ၍ လူသားတိုင်း လူသားတိုင်း မေတ္တာတရားကို ထားရှိကာ ဆောင်ရွက်ရမည်ဖြစ်သည်။ လူ့ဘဝရရှိခိုက် တိုတောင်းလှသော အချိန်တိုကာလလေးအတွင်း ရှင်သန်နေထိုင်သွားရန်မှာလည်း အရေးကြီးလှပေသည်။

လူ့ဘဝတွင် လူမှုရေး၊ စီးပွားရေး အစရှိသည်တို့ အောင်မြင်မှုရရှိရန် အခြေခံအကြောင်းတရားမှာ မေတ္တာတရား ထားခြင်းပင်ဖြစ်သည်။ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကာ ပြောဆိုဆက်ဆံတတ်ပါက လူမှုဆက်ဆံရေးနယ်ပယ်တွင် တိုးတက်အောင်မြင်လာမည်ဖြစ်သည်။ လူမှုဆက်ဆံရေး တိုးတက်လာသည်နှင့်အမျှ လူတို့၏ အဆင့်အတန်း ယဉ်ကျေးမှု တိုးတက်ပြောင်းလဲကာ စီးပွားရေးများ လုပ်ဆောင်သမျှ တိုးတက်ဖြစ်ထွန်းအောင်မြင်လာမည်ဖြစ်သည်။

မေတ္တာတရားဟုဆိုရာတွင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူ၍ ရှိရာတွင် မနောကံဖြစ်နေရုံနှင့်မပြီး၊ ဝစီကံမြောက် ကာယကံမြောက်အောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ အစာရေစာ လိုအပ်နေသူကို မနောကံဖြင့်မေတ္တာပို့နေ၍ ထိုသူ အစာမရရှိနိုင်ပါ။ ဝစီကံဖြင့် နှစ်သိမ့်ပြောဆို၍ ကာယကံမြောက် ကျွေးမွေးပြုစုပေးမှသာ ထိုသူအားမေတ္တာထားရာရောက်မည်ဖြစ်သည်။ မိမိကိုယ်၌ မေတ္တာတရားမရှိပါဘဲလျက် သူတစ်ပါးအပေါ် မေတ္တာပို့၍ ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မိမိ၏ အတွင်းသဏ္ဍာန်တွင် မနောကံမြောက်မေတ္တာကိန်းအောင်းလာစေရန် ဦးစွာလေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ ထိုသို့ မနောကံမေတ္တာပွားများ၍ ရင့်ကျက်ချိန်သို့ ရောက်ရှိလာသောအခါ မိမိကိုယ်တွင်းရှိ လောဘ၊ ဒေါသ၊ မောဟများ ကင်းငြိမ်းပပျောက်စေကာ စစ်မှန်သောငြိမ်းအေးမှုကို ရရှိနိုင်မည်ဖြစ်သည်။

အရာရာကို မေတ္တာတရားထားရှိကာ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက လောကီ၊ လောကုတ္တရာ အကျိုးများပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်သည်။ မေတ္တာတရားဖြင့် အလုံးစုံအောင်မြင်ခြင်းကို ဗုဒ္ဓကိုယ်တော်တိုင် လက်တွေ့ ပြသခဲ့ပါသည်။ အောင်ခြင်း ရှစ်ပါးသည် မေတ္တာလက်နက်ဖြင့် အောင်တော်မူခဲ့သည့် သာဓကတစ်ခုပင်ဖြစ်ပါသည်။ ယခုမျက်မှောက်ခေတ်ကာလတွင် မေတ္တာတရားကြောင့် အောင်မြင်မှုရရှိခဲ့သည့် သာဓကများစွာရှိနေပါသည်။ "မလှူတတ်လျှင် ဈေးရောင်း" ဟူ၍ မြန်မာစကား ရှိပေသည်။ မေတ္တာစေတနာထားကာ ဈေးရောင်းချမည်ဆိုပါက ကြီးပွားတိုးတက်အောင်မြင်မှုရရှိမည်ဖြစ်ပြီး ကုသိုလ်လည်းရမည်၊ အမြတ်လည်းရမည်၊ လုပ်ငန်းလည်းအောင်မြင်မည်ဖြစ်သည်။

မေတ္တာတရားကို လူတိုင်းလူတိုင်း လက်ကိုင်ထားနိုင်ပါလျှင် ကမ္ဘာကြီးအေးချမ်းမည်ဖြစ်သည်။ မေတ္တာရှိသောသူ၌ မေတ္တာရောင်ပြန်ဟပ်၍ မေတ္တာ၏အကျိုးကို ခံစားရမည်ဖြစ်သကဲ့သို့ မေတ္တာတရားမရှိသောသူ၌ မေတ္တာရောင်ပြန်မရသည့်အတွက် ဒေါသ၏ပူလောင်ခြင်း ဆိုးပြစ်ကို ရရှိခံစားရမည်ဖြစ်သည်။ ထို့ကြောင့် ဒုက္ခကင်းဝေး၍ ငြိမ်းအေးချမ်းသာစွာ နေထိုင်လိုသူတိုင်း မိမိက မေတ္တာပေး၍ မေတ္တာရအောင် ယူတတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဝန်ထမ်းစာဖတ်ဝိုင်း ကျင်းပ

**မန္တလေး ဇွန် ၁၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများအား အသိပညာဗဟုသုတများ ပေးစွမ်းနိုင်ရေးအတွက် စာအုပ်၊ စာပေများ ငှားရမ်းပေးရာတွင် စာအုပ်တွင်ပါဝင်သည့် အကြောင်းအရာများကို သိရှိနားလည်စေရန်အတွက် ရည်ရွယ်ကာ ဝန်ထမ်းစာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာန (Community Center) အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဦးစွာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က "ဝန်ထမ်းများအနေဖြင့် မိမိအားပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြစေရန်နှင့် ဝန်ထမ်းများ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ ဆက်ဆံကြပြီး အလုပ်တာဝန်များကို ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်" မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ထမ်းစာဖတ်ဝိုင်းကိုကျင်းပခဲ့ရာ ရုပ်သံကျွမ်းကျင်-၃ ဒေါ်နီလာကျော်က စာရေးဆရာကြီး ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်တွင် ပါဝင်သော" လူငယ်နှင့်လူမှုရေးအတွေးအခေါ်များ၊ လူငယ်နှင့်တာဝန်သိမှု၊ လူငယ်နှင့်စူးစမ်းခြင်း၊ လူငယ်နှင့်အမှား၊ လူငယ်နှင့် အောင်မြင်ခြင်း" စသည့်အကြောင်းအရာများကို ဖတ်ကြားခဲ့ရာ ဝန်ထမ်းများက သိရှိလိုသော အချက်အလက်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## မြို့နယ်သမဝါယမအသင်းစုများက ဝင်ငွေကြေညာလွှာများ စုပေါင်းပေးအပ်

**မန္တလေး ဇွန် ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မြို့နယ်သမဝါယမအသင်းစုများ၏ ဝင်ငွေကြေညာလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမ ဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ အောင်မြေသာစံမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူအောင်က အခွန်ဆိုင်ရာသိကောင်းစရာများနှင့် ဝင်ငွေခွန်ကြေညာလွှာအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသူရအောင်နှင့် အသင်းစုများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားရှင်းလင်းသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစု ၇၅ စုတို့က ဝင်ငွေကြေညာလွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## သောက်သုံးရေလုံလောက်စွာရရှိစေရန် လုပ်ငန်းများဆောင်ရွက်

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနသည် မန္တလေးမြို့တော်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရန်အတွက် ပြည်သူ့အကျိုးပြုပြီးစီးနိုင်မည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်တာဝန်ခံ ဌာနစုမှူး (အင်ဂျင်နီယာ) ဦးမိုးလွင်က ပြောကြားသည်။



ရေနှင့်သန့်ရှင်းမှုဌာနအနေဖြင့် နှစ်စဉ်တိုးတက်လာသော လူဦးရေအား လုံလောက်စွာ ရေဖြန့်ဝေပေးနိုင်ရန်အတွက် ဘတ်ဂျက်နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ရေပေးရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာတွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး ၆၄လမ်းနှင့် ၆၄(C) လမ်းကြား၊ ၃၅(A)လမ်းနှင့် ၃၆ လမ်းကြားတွင် အချင်း(၁၁၀) မမ HDPEရေအားဖြည့် ဆင့်ပွားပိုက်ဆက်သွယ်ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပါတယ်၊ ဆောင်ရွက်ပြီးစီးပါက ရပ်ကွက်နေပြည်သူ ဦးရေ ၁၀၀၀ ခန့်၊ အိမ်ထောင်စု ၂၀၀ ခန့်ကို ရေအရင်းအမြစ်ဖြစ်သည့် အမှတ်(၁)ရေတွန်း စက်ရုံ(မလွန်)နှင့် အမှတ်(၁၃) ရေတွန်းစက်ရုံတို့မှ ရေဂါလန် ၄၅၀၀၀ ကို ပေးဝေနိုင်မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောကြားသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ၄၄လမ်းနှင့် ၄၅လမ်းကြား၊ ၈၃(A)လမ်းနှင့် ၈၄လမ်းကြား စာတိုက်အနီးတွင် အချင်း ၁၁၀ မမ HDPE ရေအားဖြည့် ဆင့်ပွားပိုက်ဆက်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်၊ လုပ်ငန်းပြီးစီးသွားပါက ရပ်ကွက်နေပြည်သူ ၁၀၀၀၊ အိမ်ထောင်စု ၂၀၀ တို့အား အမှတ်(၁)ရေတွန်းစက်ရုံ(မလွန်)မှ သောက်သုံးရေဂါလန် ၄၅၀၀၀ ကို ဖြန့်ဝေပေးနိုင်ပြီး မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေးအတွက် မီးသတ်ရေငုတ်တစ်ခု ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေခြင်းကြောင့် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID)ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

## ဓာတ်မြေဩဇာ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း)ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID)ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

## နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း ဓာတ်အားဆုံးရှုံးမှုများ သိသာစွာလျော့ကျသွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးမေတ္တာရပ်ခံခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်

နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်၏ အစိတ်အပိုင်းဖြစ်သော ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတို့တွင် ထုတ်လုပ်လျှပ်စစ်ဓာတ်အား၏ ၁၈.၃၈ % ခန့် (ယူနစ် ၃၅၅၉ သန်းခန့်)မှာ ပျမ်းမျှအားဖြင့် နှစ်စဉ် ဆုံးရှုံးလျက်ရှိပါသည်။

ယင်းသို့ ဆုံးရှုံးနေမှုများဖြစ်ပေါ်နေသည့်အတွက် လျှပ်စစ်သုံးစွဲလိုသည့်ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်နှင့် ပြည်သူများ၏ဘဏ္ဍာငွေများလည်း နေ့စဉ်နှင့်အမျှ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုနှင့် လူတို့၏မသမာမှုများကြောင့် ဖြစ်ပေါ်နေသည့်ဆုံးရှုံးမှုများကို လျော့နည်းပပျောက်စေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နည်းပညာဆိုင်ရာဆုံးရှုံးမှုများကို နိုင်ငံတကာတွင် လက်ခံထားသည့်ပျောက်ဆုံးမှုရာခိုင်နှုန်း စံနှုန်းထားများအတိုင်း ရှိစေရေးအတွက် နည်းပညာပိုင်းဆိုင်ရာမြှင့်တင်မှုများဆောင်ရွက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို ပုံမှန်ထိန်းသိမ်းခြင်း၊ Smart မီတာများတပ်ဆင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သည့် စနစ်များ အသုံးပြုခြင်းနည်းလမ်းများဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အတူ လူတို့၏မသမာမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆုံးရှုံးမှုများကိုလည်း ဖော်ထုတ်၍ ဥပဒေနှင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ထိရောက်စွာဟန့်တားအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်တိုင်ပြုလုပ်လျက်ရှိသည့် မသမာမှုများအား ရပ်တန့်ခြင်း၊ အခြားသူများပြုလုပ်နေသည်ကို တွေ့ရှိရပါကလည်း တားဆီးခြင်း၊ တိကျစွာ သတင်းပေးတိုင်ကြားခြင်း၊ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျသုံးစွဲခြင်းနှင့် အကြံဉာဏ်များပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)** - ၀၆၇-၃၄၁၀၀၇၂
- ❖ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)** - ၁၇၁၇
- ❖ **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC)** - ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊၀၂-၄၀၇၃၆၆၆၊၀၂-၄၀၇၂၆၁၈(Hot Line)
- ❖ **ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ** - ဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော https://www.moep.gov.mm တွင် ဆက်သွယ်ရန်ဖုန်းနံပါတ်များကို ရယူ၍ ဆက်သွယ်နိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၁၃ ရက်တွင် ၃၃ ကေဗွီ Project M/O ဓာတ်အားလိုင်းအား နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် ၃၃ ကေဗွီ MRTV-1 ဓာတ်အားလိုင်းအား နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီ အထိလည်းကောင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပါဓာတ်အားလိုင်းများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် အေလာမြို့ ဝက္ကမူကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်းဘေး (AH1) လမ်းမကြီးရှိ မီးရထားသံလမ်း ခုံးကျော်တံတားတည်ဆောက်ခြင်းနှင့် မလွတ်ကင်းသည့် ၃၃ ကေဗွီ ပျဉ်းမနား-အေလာဓာတ်အားလိုင်း ပြောင်းရွှေ့သွယ်တန်းခြင်း ဆောင်ရွက်ရန်အတွက် ဇွန် ၁၃ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အေလာမြို့နှင့် သာဝတ္တိမြို့ရှိ အစိုးရရုံးဌာနများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၆၆ ကေဗွီ တောင်ကြီး-ဟိုပုံး ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ ဟိုပုံးနှင့် မိုင်းပွန် ဖီဒါဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Jumper Connection များစစ်ဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ အထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေချိန်အတွင်း ဟိုပုံးမြို့ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အရေးကြီးနေရာများ၊ ဟိုပုံးမြို့၊ ကျောက်တန်းမြို့၊ မိုင်းပွန်မြို့တို့ရှိ ရပ်ကွက် (၁၁)ရပ်ကွက်နှင့် ကျေးရွာ ၁၀၆ ရွာသည် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိဓာတ်အားသုံးစွဲသူအများပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြစ်သား ဇွန် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် သီလင်းကျေးရွာအုပ်စု၊ ခန္တီးလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ ခန္တီးလေးကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများကို တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ခန္တီးလေးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၄၇၀ အား လမ်းအကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၅ သန်း၊ စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၅၅ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ ယခု နှစ် မေ ၂၈ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(၄၄၅)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



## ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး

ထို့နောက် တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုအန္တရာယ်ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပုန်းထွန်ရပ်ကွက်၊ ရန်အောင်မြေရပ်ကွက်၊ မယ်ခေါင်ရပ်ကွက်နှင့် မကာဟိုခမ်းရပ်ကွက်တို့တွင် လမ်းဖြတ်တံတား ၁၄ စင်းနှင့် အုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းငါးခု ၂၁၃၆ ပေကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် မယ်ဆိုင်ချောင်းတစ်လျှောက် ကျောက်ရိုးအမြင့်မြှင့်တင်ရန်နှင့် ကျောက်ရိုးများကို အားဖြည့်တည်ဆောက်ရန်နေရာခြောက်နေရာ၊ ရေလျှံတားနံရံအသစ်တည်ဆောက်ရန်လိုအပ်သည့် နေရာရှစ်နေရာတို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပြီး ရေလျှံတားနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို မိုးရာသီအလွန် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မယ်ဆိုင်ချောင်းတစ်လျှောက် ဆောင်ရွက်ရန်ကျန်ရှိနေသော ရေကာနံရံ ပေ ၂၄၅၀ နှင့် ရေစုရေထိန်းကန်သုံးနေရာတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် မီတာဖြင့်သုံးစွဲရသည့် အငှားယာဉ်(TAXI)ပြေးဆွဲရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က နေပြည်တော်မြို့တွင်း စင်းလုံးငှားယာဉ်(TAXI)အနေဖြင့် စည်ပင်ညဉ့်ရိပ်သာ ၂ ရှေ့ EV Station နေရာနှင့် သပြေကုန်းဈေး EV Station နေရာတွင် EV TAXI များကို နေ့စဉ် On Call စနစ်ဖြင့် ယာဉ်စီးခနှုန်းထားသတ်မှတ်၍ ပြေးဆွဲခြင်းကို ၂၀၂၄ ခုနှစ်မှ စတင်ပြေးဆွဲလျက်ရှိပြီး နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ၂၇ စီးနှင့် ပုဂ္ဂလိကတစ်ဦးချင်းပိုင်ကိုးစီးတို့ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အငှားယာဉ် TAXI များ လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များနှင့် ကုမ္ပဏီများက မြို့တွင်းခရီးစဉ်များပြေးဆွဲခွင့် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တရားဝင်အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားသော ပရဟိတအသင်းအဖွဲ့များရှိ လိုင်စင်မဲ့မော်တော်ကားများအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြင့်က ၂၀၁၄ ခုနှစ်၌ လူမှုရေးအသင်းအဖွဲ့များတွင် အသုံးပြုနေသော မှတ်ပုံတင်မဲ့ယာဉ်များ တရားဝင်မှတ်ပုံတင်ခြင်းကို ၁၉-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ကြီးကြပ်ပြီး One Stop Service အဖွဲ့များဖွဲ့စည်း၍ ၇-၇-၂၀၁၄ ရက်နေ့မှ ၃၁-၇-၂၀၁၄ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုသို့ ပူးပေါင်းအဖွဲ့များဖြင့် One Stop Service စီမံချက်ဆောင်ရွက်ပေးခဲ့ရာ စီမံချက်မတိုင်မီက တရားဝင်မှတ်ပုံတင်ထားသည့် လူမှုရေးအသင်းအဖွဲ့ ၅၈ ဖွဲ့သာရှိရာမှ စီမံချက်ကာလ ရက်သတ္တလေးပတ်ခန့်အတွင်း တရားဝင်မှတ်ပုံတင်လာသည့် အသင်းအဖွဲ့ပေါင်း ၁၇၆၅ ဖွဲ့သို့ တိုးပွားလာခဲ့ပြီး စီမံချက်မတိုင်မီမှတ်ပုံတင်ထားသော နိဗ္ဗာန်ယာဉ် ၁၁၄ စီးသာရှိခဲ့ရာမှ စီမံချက်ကာလအတွင်း စုစုပေါင်း ၄၉၈၅ စီးအထိ တိုးမြင့်လာခဲ့ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပမှ တရားဝင်တင်သွင်းလာသည့် လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အခွန်အကောက်ကင်းလွတ်ခွင့်ပြုကြောင်း စာရွက်စာတမ်းများအား စိစစ်ပြီး ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်းမပြုဘဲ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တရားမဝင်ရောက်ရှိနေသော မော်တော်ယာဉ်များသည် ဖော်ပြပါအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍မရပါကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ၂၄ နာရီပတ်လုံး ဖုန်းလိုင်းများ ဆက်သွယ်နိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က သီပေါမြို့နယ်တွင် လက်ရှိအချိန်၌ MPT၊ ATOM၊ U9 နှင့် Mytel မှ မိုဘိုင်းစခန်း ၉၂ ခုဖြင့် မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါဝန်ဆောင်မှုပေးလျက်ရှိသည့် မိုဘိုင်း စခန်း ၉၂ ခုအနက် ၇၂ ခုတွင် ၂၄ နာရီ လုပ်ငန်းလည်ပတ်နိုင်သည့်အတွက် အချိန်ပြည့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ကျန်မိုဘိုင်းစခန်း ၂၀ မှာ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်သုံးဆီရရှိမှုအခြေအနေများအရ ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသေးပါကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ပုံမှန်ပြန်လည်ရရှိပါက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အချိန်ပြည့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ **မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စုရှိ ရွာခြောက်ရွာတွင် ဖုန်းဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် မိုင်းယန်းမြို့နယ်တွင် MPT၊ U9 နှင့် Mytel တို့မှ စုစုပေါင်း မိုဘိုင်းစခန်းရှစ်ခုကို တည်ဆောက်ထားရှိပြီး မိုင်းယန်းမြို့ရှိ အချို့သော ကျေးရွာများသို့ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိအောင်ဆောင်ရွက်ထားပါကြောင်း၊ မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာတွင် လျှပ်စစ်ဓာတ်အားမရရှိနိုင်မှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရန် ခက်ခဲမှုတို့ကြောင့် မိုဘိုင်းစခန်းအသစ် တည်ဆောက်တပ်ဆင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ဆက်သွယ်ရေးဆက်ကြောင်းများတည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေအနေများအပေါ်မူတည်ပြီး ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာရရှိမှုအခြေအနေများအပေါ် မူတည်၍ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မိုဘိုင်းစခန်းများ တည်ဆောက်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး

ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးလှမင်း၏ **ငါန်းဇွန်မြို့နယ်အတွင်း မူလတန်းကျောင်းမှ အထက်တန်းကျောင်းအထိ စုစုပေါင်း ၁၂၇ ကျောင်းရှိသည့်အနက် ၆၆ ကျောင်းမှာ ယာယီပိတ်ထားရပါသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်း ၁၂၇ ကျောင်းအနက် ၆၁ ကျောင်းဖွင့်လှစ်ထားပါကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ယာယီပိတ်ထားသော ကျောင်း ၆၆ ကျောင်းအနက် ဂျို၊ ကမ္ဘူ၊ မဂျီ၊ ရွှေတောင်၊ ငါန်းလွန့်၊ ဆပ်ပြာကျင်း၊ သပြေသာ၊ သပြေကန်ကျေးရွာများရှိ အထက၊ အထက (ခွဲ)၊ အလက(ခွဲ)၊ အမကကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး လျာထားသော်လည်း သပြေသာအခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းကိုသာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့်ခုနစ်ကျောင်း ဆက်လက်ဖွင့်လှစ်နိုင်ပါက သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွင့်လှစ်ထားသည့်ကျောင်းများတွင် ယာယီတွဲဖက်ထား သော အဆိုပါကျောင်းများမှ ကျောင်းအုပ်အပါအဝင် ဆရာ ဆရာမများအား ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်းမြို့နယ်ရှိ အမက ၂၆ ကျောင်းတွင် လိုအပ်နေသော ဆရာ ဆရာမများအား ခွဲဝေခန့်ထားပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း ၂၆ ကျောင်းရှိပြီး အဆိုပါကျောင်းများရှိ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုအဆင်ပြေစေရေးအတွက် မြို့နယ်အတွင်းရှိ ဆရာပြည့်မီသောကျောင်းများမှ ဆရာ ဆရာမများကို တွဲဖက်တာဝန်ချထားပေးလျက်ရှိပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Dip.Ed သင်တန်းဆင်းများ၊ B.A(Edu)၊ B.Sc(Edu) ပညာရေးဒီဂရီကောလိပ် သင်တန်းဆင်းများကို ဆရာ ဆရာမနည်းပါးသည့်ကျောင်းများတွင် ဦးစားပေးအစီအစဉ်အလိုက် ဖြည့်ဆည်းခန့်ထားသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းဆင်းဆရာ ဆရာမအရေအတွက်ဖြင့် မလုံလောက်ပါကလည်း မြို့နယ်အတွင်းရှိ ဆရာ ဆရာမများကို အလှည့်ကျ သို့မဟုတ် ယာယီတာဝန်ချထားပြီး သင်ကြားသင်ယူမှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာရှိ အလက(ခွဲ)နှင့် ပင်ပျော်ကျေးရွာအုပ်စု အမကရှောက်ချိုစာသင်ကျောင်းတို့တွင် ကျောင်းသားဦးရေနှင့် ကျောင်းဖွဲ့စည်းပုံအရ စာသင်ခန်းလုံလောက်မှုမရှိပါ၍ အလျား ပေ ၉၀၊ အနံ ပေ ၃၀ တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်စီ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် သပြေကုန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စာသင်ဆောင်သုံးဆောင်၊ စာသင်ခန်းခြောက်ခန်း၊ တန်းခွဲကိုးခုဖြင့် ပညာသင်ကြားလျက်ရှိပြီး ကျောင်းသားတန်းခွဲဦးရေအရ စာသင်ခန်းသုံးခန်း လိုအပ်နေသည့်အတွက် ပေ(၉၀ x ၃၀) RCC တစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘတ်ဂျက်လျာထားမှုအပေါ် ဦးစားပေးအစီအစဉ်အလိုက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်ပျော်ကျေးရွာအုပ်စု ရှောက်ချိုအခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းကျောင်းသား ၁၈၉ ဦးရှိပြီး စာသင်ဆောင်နှစ်ဆောင်၊ စာသင်ခန်းခြောက်ခန်း၊ တန်းခွဲခြောက်ခုဖြင့် ပညာသင်ကြားလျက်ရှိသည့်အတွက် ကျောင်းသားဦးရေအရ ရှောက်ချိုအခြေခံပညာမူလတန်းကျောင်းတွင် စာသင်ခန်းလုံလောက်မှုရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ အတွင်းရေးမှူးအဖြစ် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

စာမျက်နှာ ၆ သို့ ☆

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၁

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်၏ **မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေကို ပြုစုထုတ်ဝေ၍ ကိုဓဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် မည်သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ(Myanmar National Building Code) ကို တိုးတက်ပြောင်းလဲလျက်ရှိသည့် တည်ဆောက်ရေးဆိုင်ရာ ပညာရပ်များအား လေ့လာသုံးသပ်၍ ၄ နှစ်လျှင် တစ်ကြိမ် အဆင့်မြှင့်တင်ထုတ်ပြန်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (၂၀၂၀) (Myanmar National Building Code-2020) ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ထပ်မံ၍ ၂၀၂၄ ခုနှစ်တွင် တိုးတက်ပြောင်းလဲလာသော နိုင်ငံတကာစံနှုန်းများအရ ပြင်ဆင်ဖြည့်စွက်ရန် ဆောင်ရွက်နေစဉ်ကာလအတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် ငလျင်ဒဏ်ခံနိုင်ရန် အဆောက်အအုံများ တည်ဆောက်နိုင်ရေး လိုအပ်သည့်ပြင်ဆင်ဖြည့်စွက်မှုများကို နည်းပညာရှင်များပါဝင်သည့် Technical Working Group များ၊ မြန်မာနိုင်ငံငလျင်ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စတင်၍ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများပေါ်ထွန်းလာစေရေးမြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ -၂၀၂၅ (Myanmar National Building Code-2025)အား မဖြစ်မနေ လိုက်နာကျင့်သုံးဆောင်ရွက်ရန်အတွက် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူချက်အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် ၅/၂၀၂၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး နည်းဥပဒေများကိုလည်း ဆက်လက်ရေးဆွဲလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ် ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ်တန့်ယန်းမြို့တွင်း လမ်းပန်းဆက်သွယ်မှု သာယာကောင်းမွန်ရေးအတွက် မဟာဗျူဟာလမ်းဖြစ်သည့် "နောင်ဖာ" မိန်းလမ်းမကြီး အရှည်ပေ ၅၀၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ရှစ်လက်မအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် တန့်ယန်းခရိုင်အတွင်းတွင်ရှိသည့် အဓိကလမ်းမကြီးများဖြစ်သည့် ဟိုယ-တန့်ယန်းလမ်း၊ တန့်ယန်း-မိုင်းကောင်-တာမဆွန်လမ်းနှင့် လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းအွတ်-မိုင်းကောင်လမ်းများကို လမ်း/တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ကိုသာ ရန်ပုံငွေလျာထားနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဒေသတွင်းကျေးရွာများ အချင်းချင်း ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် တန့်ယန်း-နောင်ဖာလမ်းကို လတ်တလောအနေဖြင့် အများပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရန်အတွက် လမ်းတစ်လျှောက်လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။



တန့်ယန်း-နောင်ဖာလမ်း၏ တန့်ယန်းမြို့တွင်းအပိုင်း ပေ ၅၀၀၀ အရှည်၊ ရှစ်လက်မဒုပြုပြင်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းတွင်ထည့်သွင်း၍ ပြည်နယ်ရန်ပုံငွေလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များအား မိုးရာသီကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်းနိုင်မည့် ချက်ချင်းပျက်၊ ချက်ချင်းပြင်( Immediate Repair/ Routine Maintenance) မူဝါဒချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များကို ချက်ချင်းပျက်၊ ချက်ချင်းပြင်စနစ်ဖြင့် မိုးကာလတွင် လမ်းပေါက်များနှင့် လမ်းပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန် မူဝါဒချမှတ်ထားရှိပြီး လက်ရှိတွင် လမ်းပျက်စီးမှုများကိုလည်း ပြင်ဆင်ထိန်းသိမ်းခြင်း ပုံစံ နှစ်မျိုးဖြစ်သည့် ကြိုတင်ရောကျောက်ကတ္တရာ (Premix) ဖြင့်ဖာထေးခြင်း၊ ကျောက်ဖြည့်သဲညှပ်စနစ် (Waterbound)ဖြင့် လမ်းပေါက် ဖာထေးခြင်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်း၊ မိုးများသည့်ဒေသဖြစ်ခြင်း၊ မိုးတွင်းကာလတွင် အောက်ခံမြေသား၏ ခံနိုင်ဝန်ကျဆင်းခြင်းနှင့် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သည့်ယာဉ်များ ဖြတ်သန်းသွားလာခြင်းကြောင့် လမ်းပိုင်းအချို့တွင် လမ်းပေါက်များ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါသတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင် ဖြတ်သန်းသောယာဉ်များကိုလည်း တားဆီးကာကွယ်သွားမည်ဖြစ်ပြီး မိုးကုန်၍ ပွင့်လင်းရာသီရောက်သည့်အခါတွင် လမ်းပျက်စီးမှုအပေါ်မူတည်၍ ရန်ပုံငွေလျာထားကာ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သောတည်ဆောက်ရေးလုပ်ငန်းများ၌ တင်ဒါစနစ်ဖြင့် ရွေးချယ်ရာတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ ပြည့်စုံမှန်ကန်ပြီး တစ်ပြေးညီဖြစ်စေရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တင်ဒါနှင့်ပတ်သက်၍ လမ်းညွှန်ချက်များအနေဖြင့် ယခင်နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၇/၂၀၁၇)၊ အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်အမှတ်(၁/၂၀၂၂)၊ ငလျင်နှင့်ပတ်သက်၍ မန္တလေးငလျင်ကြီးဒဏ်သင့် နိုင်ငံပိုင်အဆောက်အအုံများအား ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ်(၁/၂၀၂၅)တို့ကို ထုတ်ပြန်ထားပြီးဖြစ်ပါ၍ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တင်ဒါဖွင့်ဖောက်ရွေးချယ်ရာတွင် ဈေးနှုန်းတစ်ခုတည်းကိုသာ အဓိကမထားဘဲ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ ယခင်နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ်(၇/၂၀၂၀) စာပိုဒ်-၆၂ နှင့် စာပိုဒ်-၉၂ မှ ၉၈ အထိစာပိုဒ်များကို လိုက်နာ၍ အမှတ်ပေးစနစ် သတ်မှတ်ရွေးချယ်သွားရမည်ဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သွားသော ကုမ္ပဏီများ၏ အချက်အလက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ပြည်သူလူထုက အလွယ်တကူ သိရှိနိုင်ရန်အတွက် ယခင်နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ်(၇/၂၀၂၀) စာပိုဒ်-၁၁၀ နှင့် စာပိုဒ်-၁၄၁(က)တို့တွင် တင်ဒါအောင်မြင်သူများစာရင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုများကို အများပြည်သူလွယ်လင့်တကူ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း Website တွင် လွှင့်တင်ထားရမည်ဟု ပါရှိပြီးဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်အချက်များအားလုံးသည် လက်ရှိတွင် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်း **အစား** ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်းနှင့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရှားရယ် **အစား** ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးပြုံးချိုတို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးရဲမြင့်ထွန်း **အစား** မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာ ဗညားအောင်မိုးနှင့် ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင် **အစား** တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးယုနိုင်တို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဒေါ်ခင်ရွှေမြင့်(ခ) ဒေါ်နှောင်းထွေး **အစား** မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းဖေမောင်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) နန်းပိုးစိန် **အစား** စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်းအား အဖွဲ့ဝင်အဖြစ်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းများကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄)ဒေါ်မီမီကျော်ထွန်း၊ အတွင်းရေးမှူး အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင် အပါအဝင် အဖွဲ့ဝင်၁၅ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုအမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးဝင်းလှိုင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့်ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါက်တာ အမ်ဇော်လတ် (ခ)ဆမ်းမားကို့(စ်)တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေအသိပညာပြန့်ပွားရေးဆွေးနွေးပွဲ အခမ်းအနား မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပပြုလုပ်

**မန္တလေး ဇွန် ၁၁**

ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်းက ရှင်းလင်းဆွေးနွေးခြင်း၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက အထွေထွေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကျင်းပ

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး အတွင်း ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ စနစ်တကျရှိစေရေး၊ ပြည်သူများနှင့် ဆက်ဆံမှုကောင်းမွန်စေရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းစေရေး၊ တရားမဝင်လုပ်ငန်းများ ပပျောက်စေရေးတို့အတွက် တိုင်းဒေသကြီး ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ဇွန်၁၀ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ နာယက၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်မိုးသက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စွာထွန်းနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းနှင့် ဆွေးနွေးတင်ပြချက်များအပေါ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**




## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(သတ္တမနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဇွန် ၁၁**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၆)ရပ်ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့်လေ့လာသူ(၁၀၀)ဦး၊ စုစုပေါင်း (၁၇၅)ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦး မေးမြန်းသည့်ကြယ်ပွင့်ပြမေးခွန်း(၁၅)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (အဋ္ဌမနေ့)ကို ဇွန် ၁၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်သည်။

ယနေ့ ကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (သတ္တမနေ့)သို့ အောင်မြေသာစံခရိုင်၊ မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီကော်မတီဝင်များ၊ ပါတီဝင်များ စုစုပေါင်း (၁၀၀)ဦး လာရောက်လေ့လာခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**




## မဟာအောင်မြေမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး ဇွန် ၁၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ COVID-19 Vaccine COM-IRNATY LP.8.1 ကာကွယ်ဆေးကို မဟာအောင်မြေမြို့နယ်အတွင်း စုရပ်များဖွဲ့၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ မဟာအောင်မြေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေး ခြင်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးနှံရသော အသက်(၁၈)နှစ် အထက်ရှိသူများအား ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှုကာလ (၆)လ ပြည့်ပြီးသော ကျန်းမာရေးဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အသက် (၆၀) နှစ်အထက်ရှိသူများ၊ အသက် (၅၀)နှစ်အထက် နာတာရှည် ရောဂါရှိသူများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှုကာလ (၁၂)လပြည့်ပြီးသော အသက် (၁၈)နှစ်အထက် နာတာရှည်ရောဂါရှိသူများ၊ အသက်(၁၈)နှစ် အထက် ကိုယ်ခံအားနည်းရောဂါရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန် လိုအပ်သူများကို မဟာအောင်မြေမြို့နယ်အတွင်း၌ စုရပ်များဖွဲ့၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်စော်မင်း**

၀-၀-၀-၀-၀



## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇွန် ၁၁**

'လမင်း' စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊တံတားဦးခရိုင်၊ တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆောင်ရွက်ပေးရာတွင် တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမြင့်မိုးနှင့်ဝန်ထမ်းများက အသက် (၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးနေမှုအား တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ပြုလုပ်ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ထောက်ခံချက်များ ရရှိရေးအတွက် အဆိုပါကျောင်းသို့ လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြရာ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ၁၂ နှစ်ဦး၊ ကျောင်းသူ ၃၈ ဦး၊ စုစုပေါင်း ၅၀ ဦးအား ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# တရုတ်ပင်လယ်ရေကြောင်းစီးပွား ဆက်လက်ဖြစ်ထွန်းနေ အဓိကဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း ယခင်နှစ်ထက် မြင့်တက်

ပေကျင်း ဇွန် ၁၁

တရုတ်သဘာဝသယံဇာတဝန်ကြီးဌာနက ဇွန် ၁၀ ရက်တွင် ထုတ်ပြန်သည့် ၂၀၂၆ ခုနှစ် တရုတ်နိုင်ငံ ပင်လယ်ရေကြောင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းအရ ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းစီးပွားရေး ဆက်လက်တိုးတက်ဖြစ်ထွန်းနေပြီး အဓိကဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း ယခင်နှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက် ကာ ၁၂၈ ဒသမ ၈ သို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ယင်းအညွှန်းကိန်းသည် နိုင်ငံ၏ ပင်လယ်ရေကြောင်းစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်မှုပမာဏနှင့် စွမ်းဆောင်ရည်၊ ဖွဲ့စည်းပုံအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ သယံဇာတထိန်းသိမ်းခြင်းနှင့် အသုံးချခြင်း၊ ပြည်ပစီးပွားရေးလှုပ်ရှားမှုနှင့် ကုန်သွယ်မှု၊ ပြည်သူ့လူနေမှုဘဝ သာယာဝပြောရေးအပါအဝင် ကဏ္ဍရပ်များအလိုက် ပမာဏအားဖြင့် တိုင်းတာအကဲဖြတ်ပေးသည်။

တရုတ်ပင်လယ်ရေကြောင်းအခြေခံ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် ၂၀၂၅ ခုနှစ်တွင် ယခင်နှစ်ထက် ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယွမ် ၁၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံ) သို့ ရောက်ရှိခဲ့ရာ ဖွံ့ဖြိုးတိုးတက်မှုပမာဏနှင့် စွမ်းဆောင်ရည်ဆိုင်ရာ အညွှန်းကိန်း ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ရာမှ ၁၂၈ ဒသမ ၁ သို့ ရောက်ရှိခဲ့ပြီး အနီးကပ်စောင့်ကြည့်ရမည့် အဓိကစက်မှုလုပ်ငန်းများရှိ ပင်လယ်ရေကြောင်းစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းအရေအတွက်မှာလည်း ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။ **Mon**

# မဟာဗျူဟာမြောက် ကုန်စည်များ တင်ပို့မှုကိစ္စအတွက် အင်ဒိုနီးရှားနိုင်ငံက ပြန်လည်ဖြေလျှော့ပေးလျက်ရှိ

ဂျကာတာ ဇွန် ၁၁

အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့၏ မဟာဗျူဟာမြောက် ကုန်စည်များ တင်ပို့မှုကို ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် ဆောင်ရွက်ရန် အငြင်းပွားဖွယ်ရာ အဆိုပြုချက်တစ်ခုအပေါ် ဝယ်ယူသူများနှင့် တင်ပို့သူများက စိုးရိမ်ပူပန်မှုများ တင်ပြလာပြီးနောက် အဆိုပါအစီအစဉ်ကို ပြန်လည်ဖြေလျှော့ပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုန်သည်များအနေဖြင့် ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးများကို လျှော့တွက်ခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့မှ ကာကွယ်ရန်အတွက် အဓိကကုန်စည်များ တင်ပို့မှုအပေါ် ပိုမိုတင်းကျပ်စွာ စောင့်ကြည့်စစ်ဆေးသွားမည်ဟု ဆိုသည်။

ယင်းကဲ့သို့ ပြောင်းလဲလိုက်ခြင်းသည် ကျောက်မီးသွေး၊ စားအုန်းဆီနှင့် ဖာရိုအလွိုင်းကဲ့သို့သော ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် နိုင်ငံတော်နှင့် ဆက်နွယ်နေသည့် အဖွဲ့အစည်းတစ်ခုမှတစ်ဆင့် သာလမ်းကြောင်းလွှဲ ဆောင်ရွက်စေမည့် ယခင်အစီအစဉ်မှ ဆုတ်ခွာလိုက်ခြင်းဖြစ်ပြီး ယင်းအဆိုပြုချက်သည် ဈေးကွက်ပျက်ပြားခြင်းနှင့် ပို့ကုန်ထိန်းချုပ်မှု ပိုမိုတင်းကျပ်လာနိုင်ခြင်းတို့အပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။ **Mon**




# အကွာအဝေးတိုးမြှင့်ထားသော လျှပ်စစ်ကား တစ်မျိုးကို ရှောက်မီလျှပ်စစ်ကားထုတ်လုပ်ရေး လုပ်ငန်းမှ ထုတ်လုပ်မည်

ပေကျင်း ဇွန် ၁၁

တရုတ်လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်း ရှောက်မီသည် ၎င်းတို့၏ ထုတ်ကုန်အမျိုးအစားများထဲသို့ မောင်းနှင်နိုင်သည့် အကွာအဝေး တိုးမြှင့်ထားသော လျှပ်စစ်ကားတစ်မျိုးကို ထည့်သွင်းရန်အတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များထံ လျှောက်ထားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါအသစ်ထည့်သွင်းမည့် ယာဉ်အမျိုးအစားသည် ဇွန် ၁၇ ရက်အထိ ပြည်သူလူထု၏ သဘောထားမှတ်ချက် တောင်းခံသည့်ကာလ ပြီးဆုံးပြီးနောက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ အတည်ပြုချက်ရရှိရန် လိုအပ်သည်။

တက်စလာအပါအဝင် အခြေခိုင်ပြီးသား အမှတ်တံဆိပ်များအတွက် အားကောင်းသော ပြိုင်ဘက်တစ်ခုအဖြစ် လျင်မြန်စွာ ပေါ်ထွက်လာခဲ့သည့် လျှပ်စစ်ကားလောကသို့ နောက်ကျမှ ဝင်ရောက်လာသော အဆိုပါကုမ္ပဏီသည် လက်ရှိတွင် ဘက်ထရီသုံး အက်စ်ယူဆဲဗင်းဆီဒန်ကားနှင့် ဝိုင်ယူဆဲဗင်း အက်စ်ယူဗွီကားတို့ကို ရောင်းချပေးနေကြောင်း သိရသည်။ **Mon**

# ဦးနှောက်သေဆုံးသွားခဲ့သော လူနာတစ်ဦးကို ခွဲစိတ်ကုသရာတွင် ဝက်ကျောက်ကပ်နှင့် အသည်းကို အောင်မြင်စွာ အစားထိုးပေးနိုင်

ပေကျင်း ဇွန် ၁၁

တရုတ်သုတေသနအဖွဲ့တစ်ဖွဲ့သည် ဦးနှောက်သေဆုံးသွားခဲ့သော လူနာတစ်ဦးထံသို့ ဝက်၏ ကျောက်ကပ်များနှင့် အသည်းကို အောင်မြင်စွာ အစားထိုးကုသပေးနိုင်ခဲ့ရာ တိရစ္ဆာန်မှ လူသို့ အင်္ဂါအစိတ်အပိုင်းအမြောက်အမြား အစားထိုးကုသမှုအတွက် လမ်းခင်းပေးနိုင်မည့် ကမ္ဘာ့ပထမဆုံးသော ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခွဲစိတ်ကုသမှုပြုလုပ်ပြီးနောက် အဆိုပါအင်္ဂါအစိတ်အပိုင်းများသည် အသက် ၅၃ နှစ်အရွယ် အမျိုးသား၏ ခန္ဓာကိုယ်အတွင်း ငါးရက်နီးပါးကြာ ကောင်းမွန်စွာ အလုပ်လုပ်ခဲ့ပြီးနောက် မိသားစုဝင်များ၏ ဆန္ဒအရ အဆိုပါလေ့လာမှုကို ရပ်ဆိုင်းခဲ့သည်။

မျိုးစိတ်တစ်ခုမှ အခြားမျိုးစိတ်တစ်ခုသို့ အင်္ဂါအစိတ်အပိုင်းများ သို့မဟုတ် တစ်သျှူးများ အစားထိုးကုသခြင်းဖြစ်သော ဇီနိုထရန်စပလန်တေးရှင်းနည်းပညာသည် ကမ္ဘာတစ်ဝန်းရှိ လူနာများအား မျှော်လင့်ချက်မဲ့သည့် အခြေအနေ သို့မဟုတ် ထိုထက်ပိုမိုဆိုးရွားသော အခြေအနေများသို့ ရောက်ရှိစေသည့် အင်္ဂါအစိတ်အပိုင်း ပြတ်လပ်မှုပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။ **Mon**





# ကလေးသူငယ်များ လူမှုမီဒီယာအကောင့်များ မသုံးနိုင်အောင် ကနေဒါတွင် တားမြစ်ပိတ်ပင်နိုင်မည့် ဥပဒေကြမ်း တင်သွင်း

အော့တဝါ ဇွန် ၁၁

ကနေဒါနိုင်ငံသည် လူမှုမီဒီယာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ပလက်ဖောင်းများကို ဘေးကင်းလုံခြုံအောင် ပြုလုပ်ပေးနိုင်ပုံကို သက်သေမပြနိုင်ပါက အသက် ၁၆ နှစ်အောက် ကလေးငယ်များ လူမှုမီဒီယာအကောင့်များ အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်နိုင်မည့် ဥပဒေကြမ်းကို ဇွန် ၁၀ ရက်၌ တင်သွင်းခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံသည် ဘေးကင်းလုံခြုံရေးဆိုင်ရာ အကာအကွယ်များကို တင်းကျပ်ရန် ကမ္ဘာတစ်ဝန်းတွင် ပိုမိုအားကောင်းလာသော ကြိုးပမ်းဆောင်ရွက်မှုများ၌ ပါဝင်လာခြင်း ဖြစ်သည်။

လူမှုမီဒီယာပလက်ဖောင်းများအနေဖြင့် လုံလောက်သော ဘေးကင်းလုံခြုံရေးအကာအကွယ်များကို ထည့်သွင်းဆောင်ရွက်ထားပါက ကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း ကနေဒါအစိုးရတာဝန်ရှိသူများက ပြောကြားသည်။

မိမိတို့အနေဖြင့် ကလေးငယ်များအပေါ် တာဝန်ကျေပွန်ရန် ပျက်ကွက်နေပြီး ယခုအခါတွင် အတိုင်းအတာတစ်ခုအထိ အလွန်အကျွံဖြစ်နေပြီဖြစ်ကြောင်းနှင့် အခြေခံကျသော အကာအကွယ်များ ရှိနေရန် လိုအပ်သည်ဟု ကနေဒါနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး မာ့ခ်မီလာက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**

STOP AIDS

# ဆူမားတြာကျွန်း လေးရက်ကြာ ပြင်းထန်စွာ မီးရှူသွန်းမှုကြောင့် လူဝံကြီးများ ပျောက်ကွယ်လုနီးပါးအခြေအနေသို့ ပိုမိုတွန်းပို့ခံရ

ဂျကာတာ ဇွန် ၁၁

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြာကျွန်းတွင် လေးရက်ကြာ ပြင်းထန်စွာ မိုးရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် မျိုးသုဉ်းလုနီးပါးဖြစ်နေသော ကမ္ဘာ့အန္တရာယ်အရှိဆုံး လူဝံကြီးများ ပျောက်ကွယ်လုနီးပါး အခြေအနေသို့ ပိုမိုတွန်းပို့ခြင်းခံလိုက်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



လွန်ခဲ့သော နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည့် ထိုရာသီဥတုဆိုးရွားမှုဖြစ်စဉ်ကြောင့် မျိုးသုဉ်းလုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ကောင်ရေ ၈၀၀ အောက်သာကျန်ရှိတော့သော တာပါနူလီအော်ရန်အူတန်လူဝံ ၅၈ ကောင် သို့မဟုတ် စုစုပေါင်းမျိုးစိတ်၏ ၇ ရာခိုင်နှုန်းခန့် သေဆုံးခဲ့ရသည်ဟု သုတေသနပြုချက်များက ဖော်ပြသည်။

နိုဝင်ဘာလနှောင်းပိုင်းတွင် တိုက်ခတ်ခဲ့သော ဆင်ညာဆိုင်ကလုန်းမုန်တိုင်းသည် ဆူမားတြာကျွန်းကို ပြင်းထန်စွာ ဖျက်ဆီးခဲ့ပြီး လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ကာ ၂၀၂၅ ခုနှစ်အတွင်း အရှေ့တောင်အာရှတွင် အသေအပျောက်အများဆုံး သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ခဲ့ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၅၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၁၁

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိသည်။ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ လေးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၆ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၁ လုံးကိုလည်း ဆက်လက်၍စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်အား လမ်းပြောင်းပြန်မောင်းနှင်ပြီး ဘီးခွန်ဂိတ်အား ဝင်တိုက်ကာ မောင်းနှင်ထွက်ပြေးသည့် အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**ကျိုက်ထို ဇွန် ၁၁**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ မော်တော်ယာဉ်အား လမ်းပြောင်းပြန် မောင်းနှင်ပြီး ဘီးခွန်ဂိတ်အား ဝင်တိုက်ကာ မောင်းနှင်ထွက်ပြေးသည့် အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။



ဖြစ်စဉ်မှာ ဇွန် ၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာ၊ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၄၄ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား မြို့နယ်စည်ပင်သာယာရေး မော်တော်ယာဉ်ဘီးခွန်ကောက်ခံရေးဂိတ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်မှ ရန်ကုန်ဘက်သို့ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်နေ ဟိန်းဇော်ဌေး(၂၉)နှစ် ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX VIGO ယာဉ်သည် အဆိုပါ ဘီးခွန်ကောက်ခံရေးဂိတ်တွင် ၎င်းယာဉ်၏ရှေ့မှ မြို့ဝင်ကြေးဘီးခွန်ပေးဆောင်နေသော ယာဉ်များအား ကျော်တက်မောင်းနှင်ကာ တစ်ဖက်ယာဉ်ကြောရှိ မောင်းတံဂိတ်၌ မြို့ဝင်ကြေး ဘီးခွန်ကောက်ခံနေသူ ကျိုက်ထိုမြို့၊ လက်ပြကျေးရွာနေ မောင်အောင်ပြည့်ပိုင် (၁၆) နှစ်ဆိုသူနှင့် တားဆီးထားသည့် မောင်းတံအား ဝင်တိုက်ကာ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် မောင်အောင်ပြည့်ပိုင်တွင် ဒဏ်ရာများ ရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါမော်တော်ယာဉ်အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၎င်းယာဉ်နှင့်အတူ ဟိန်းဇော်ဌေး ဆိုသူအား စစ်တောင်းတံတားအနီး၌ ဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဟိန်းဇော်ဌေး ဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ


**နေပြည်တော် ဇွန် ၁၁**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၇ ရက် နံနက် ၁၁ နာရီက နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းလှဝင်း မောင်းနှင်ပြီး စိုင်းဆိုင်ခေး လိုက်ပါလာသည့် LINCOIN NAVIGATOR အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာ ဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၇၅၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလှဝင်း (၂၉)နှစ် ဆိုသူနှင့် စိုင်းဆိုင်ခေး (၂၄)နှစ် ဆိုသူတို့အား နောင်ချိုမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**







## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက တပ်ကုန်းမြို့နယ်၊ မရိုးကုန်းကျေးရွာနေ ဇော်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကိုထက် ဆိုသူအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၁ နာရီခွဲက တင့်ဇော်(ခ)ဇော်ကြီး ဆိုသူအား အဆိုပါကျေးရွာရှိ ၎င်း၏နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ကြီး (၄၇)နှစ်၊ ကိုထက် (၂၇)နှစ်နှင့် တင့်ဇော်(ခ)ဇော်ကြီး (၄၅)နှစ် ဆိုသူတို့အား တောင်ပို့သာနယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






တပ်မတော်စစ်ကြောင်းများက တမူးမြို့နယ် ရန်လင်းဖိုင်ကျေးရွာအနောက်တောင်ဘက် မြန်မာ-အိန္ဒိယ နယ်စပ်အနီး အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိစဉ်။

○ ကလေး-တမူးမှ
ယနေ့တွင် အဆိုပါကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်မျဉ်းအနီးနေရာသို့ အရောက်၌ မသင်္ကာဖွယ် အဆောက်အအုံများ တွေ့ရှိသဖြင့် စစ်နည်းဗျူဟာမြောက် ချီတက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးများစွာဖြင့် တစ်ဖက်နိုင်ငံအတွင်းသို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့် အခိုင်အမာတည်ဆောက်ထားသည့်စခန်းအား အသေးစိတ်ရှင်းလင်းခဲ့ရာ ၁၀ ပေပတ်လည် ဘန်ကာအပါ မောင်းတံဂိတ် တစ်ခု၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ခနိမိုးထရံကာလူနေအဆောက်အအုံ ခုနစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ သွပ်မိုးပျဉ်ကာ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေ အိပ်ဆောင် သုံးလုံး၊ (အလံခုံအပါ) အကျယ်ပေ ၄၀၀ ပတ်လည် စစ်ရေးပြကွင်းနှင့် လေ့ကျင့်ရေးကွင်း တစ်ကွင်း၊ အလျားပေ ၃၀၊ အနံ ၁၅ ပေ သွပ်မိုးပျဉ်ကာ အဆောက်အအုံ တစ်ခု၊ ၁၅ ပေပတ်လည် ထရံကာ၊ မိုးကာမိုး ဆေးပေးခန်း တစ်ခု၊ ၁၂ ပေပတ်လည် ပျဉ်ကာ၊ မိုးကာမိုး အချုပ်ခန်း တစ်ခု၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ထမင်းစားဆောင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံပေ ၂၀ သွပ်မိုးပျဉ်ကာ ခဲယမ်းတိုက် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ မီးစက်တဲ တစ်လုံး၊ Tipper ကားတစ်စီး၊ loaderယာဉ် တစ်စီး၊ ကားသေးသုံးစီး၊ သုံးဘီးတစ်စီး၊ တစ်လုံးထိုး သေနတ်နှစ်လက်၊ ၆၀ မမဖုံးသီး ငါးလုံး၊ လက်ကိုင်စကားပြောစက် ခုနစ်လုံး၊ မီးစက်အကြီးနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်စခန်း တည်ဆောက်ကာ နေထိုင်လျက်ရှိသော ငါးလုံးတင်၊ မထိသာ၊ မင်းခေါင်ရွာများရှိ PDF အမည်ခံ အကြမ်းဖက်သမားများအား အပြီးတိုင်တိုက်ခိုက်ချေမှုန်း။



မင်းခေါင်ရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ်အသုံးပြုထားစဉ်။

❖ တပ်မတော်မှ
ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ငါးလုံးတင်ကျေးရွာမှတစ်ဆင့် ချောင်းဦး - ရေစကြိုလမ်းကြောင်းတစ်လျှောက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်အခြေပြုနေထိုင်ပြီး စစ်စခန်းအဖြစ် အသုံးပြုထားသည့် မထိသာကျေးရွာနှင့် မင်းခေါင်ကျေးရွာတို့ကို ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး အဆိုပါကျေးရွာများရှိ ပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်၍လည်းကောင်း၊ ကျေးရွာများအတွင်း မိုင်းများထောင်ထား၍လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများတူးဖော်၍လည်းကောင်း၊ အခိုင်အမာခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

**နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိ**

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါကျေးရွာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✰ သထုံမှ
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✻ စာမျက်နှာ ၂၄ မှ
ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် တီးတိန်မြို့များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးဖြစ်သော ဘိလပ်မြေအိတ် ၂၀၀၊ သွပ်အချပ် ၂၁၅၀၊ သံ ကိုးဖာနှင့် ဝါရှာကွင်း တစ်ဖာ၊ ကျောင်းသုံးသင်ရိုးညွှန်းတမ်းစာအုပ် ၂၇၂ အုပ်နှင့် ဆန်အိတ် ၈၄၀၊ ဆီ ၃၇၁ ပိဿာတို့ကို ယနေ့တွင် မန္တလေးမြို့မှ တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရောက်ရှိလာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပညာရေးကဏ္ဍသုံးပစ္စည်းများနှင့် စားသုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ချင်းပြည်နယ် ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် တီးတိန်မြို့များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**




## 2026 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Alexander Bublik တက်ရောက်



**စတုဂတ် ဇွန် ၁၁**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ကာဇက်စတန် တင်းနစ်ကစားသမား Alexander Bublik တက်ရောက်ခဲ့သည်။

အဆိုပါ ကာဇက်စတန် တင်းနစ်ကစားသမား Alexander Bublik သည် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Jan-Lennard Struff ကို ၇-၆၊ ၃-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်ကစားသမား Alexander Bublik နှင့် ပြင်သစ်တင်းနစ်ကစားသမား Giovanni Mpetshi Perricard တို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

## မားကိုစ်ဆေးလ်ဗားကို နည်းပြသစ်အဖြစ် ဘင်ဖီကာအသင်းခန့်အပ်

**လန်ဒန် ဇွန် ၁၁**

ဘင်ဖီကာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မားကိုစ်ဆေးလ်ဗားကို ခန့်အပ်ခဲ့သည်။

အဆိုပါ နည်းပြသည် ဘင်ဖီကာအသင်းနှင့်အတူ နှစ် နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ မားကိုစ်ဆေးလ်ဗားသည် နည်းပြဘဝတစ်လျှောက်တွင် ဖူလ်ဟမ်၊ အဲဗာတန်၊ ဝက်ဖို့ဒ်၊ ဟားလ်စီးတီး၊ စပို့တင်းလစ္စဘွန်း၊ အိုလံပီယာကို့စ် စသည့် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘင်ဖီကာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၄၈)နှစ်အရွယ်ရှိ မားကိုစ်ဆေးလ်ဗားက "ဘင်ဖီကာအသင်းနည်းပြအဖြစ်ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(NGB)



## နိကိုရှလော့တာဘက်ခ်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် ဇွန် ၁၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် ဒေါ့မွန်အသင်း နောက်ခံကစားသမား နိကိုရှလော့တာဘက်ခ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း နိကိုရှလော့တာဘက်ခ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်း၌ ဒေါ့မွန်အသင်းထံမှ နိကိုရှလော့တာဘက်ခ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)



## နိုဟမ်ကာမာရာကို လိုင်ယွန်အသင်း အပြီးသတ်ခေါ်ယူ

**ပါရီ ဇွန် ၁၁**

လိုင်ယွန်အသင်းသည် ပီအက်စ်ဂျီအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် နောက်ခံကစားသမား နိုဟမ်ကာမာရာကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



နောက်ခံကစားသမား နိုဟမ်ကာမာရာသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် လိုင်ယွန်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**

လိုင်ယွန်အသင်း၏ထုတ်ပြန်ချက်တွင် "နိုဟမ်ကာမာရာကို အပြီးသတ်ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ် ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)



## အင်္ဂလန်အသင်းက ကော်စတာရီကာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၁**

နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် ကော်စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ကော်စတာရီကာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၉ မိနစ်တွင် ဒီကလန်ရိုက်စ်၊ ပွဲချိန် ၆၈ မိနစ်တွင် အန်တိုနီဂေါ်ဒွန်၊ ပွဲချိန် ၈၇ မိနစ်တွင် ဝက်စ်ကင်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အဖြစ် လမည့် ဇွန် ၁၈ ရက်တွင် ခရိုအေးရှားအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## နည်းပြ ကီရန်မက်ကန်နာ အစ်ဆွစ်ချ်အသင်းနှင့် လမ်းခွဲ

**လန်ဒန် ဇွန် ၁၁**

အစ်ဆွစ်ချ်အသင်းသည် အသင်းနည်းပြ ကီရန်မက်ကန်နာနှင့် လမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ နည်းပြသည် အစ်ဆွစ်ချ်အသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပြီးနောက် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နည်းပြ ကီရန်မက်ကန်နာသည် အစ်ဆွစ်ချ်အသင်းကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၂၂ ပွဲတွင် ၁၀၅ ပွဲနိုင်၊ ၆၄ ပွဲသရေ၊ ၅၃ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။



အစ်ဆွစ်ချ်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ ကီရန်မက်ကန်နာနဲ့ လမ်းခွဲခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(NGB)

## ဘင်ဒေးဗီးစ် စပါးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၁၁**

စပါးအသင်းသည် အသင်းဝါရင့်နောက်ခံကစားသမား ဘင်ဒေးဗီးစ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၃ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၃၃ နှစ် အရွယ်ရှိ ဘင်ဒေးဗီးစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

(NGB)



## ရာအူးဂျီမီနက်စ် ဝုဖ်အသင်းတွင် ကျောနံပါတ် (၉)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇွန် ၁၁**

တိုက်စစ်မှူးသစ် ရာအူးဂျီမီနက်စ်သည် ဝုဖ်အသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဖူလ်ဟမ်အသင်းနှင့် လမ်းခွဲပြီးနောက် ဝုဖ်အသင်းသို့ ၂၀၂၈ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ရာအူးဂျီမီနက်စ်သည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ ပွဲ ကစားကာ ၃၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝုဖ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ် အရွယ်ရှိ ရာအူးဂျီမီနက်စ်က "ကျွန်တော် ဝုဖ်အသင်းမှာ ကျောနံပါတ်(၉) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)**

(NGB)



| ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ | | |
|---|---|---|
| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
| ၁၃-၆-၂၀၂၆ နံနက်၀၁:၃၀နာရီ | B | ကနေဒါ - ဘော့စနီးယား |
| ၁၃-၆-၂၀၂၆ နံနက်၀၇:၃၀နာရီ | D | အမေရိကန် - ပါရာဂွေး |

### ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား အိုလ်မိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လီဗာပူးအသင်းသည် အသင်းတိုက်စစ်မှူး ချီယေဆာအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

(NGB)

# မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**မန္တလေး ဇွန် ၁၁**

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ မန္တလေးမြို့မှ အထူးကုအဖွဲ့သည် ရက်(၁၀၀)စီမံချက်အရ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ(အရှေ့)ရပ်ကွက်ရှိ အမှတ်(၂၁)အခြေခံပညာမူလ



တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၁၀ရက်က ကျန်းမာရေးဆေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးကုသပေးကြရာတွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ မန္တလေးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရီလင်း၊ ပါမောက္ခ၊ ဌာနမှူးများဖြစ်ကြသော ဒေါက်တာအေးမိုးတက်နှင့် ဒေါက်တာယဉ်ယဉ်ထွေး၊ ပါမောက္ခ ဒေါက်တာသန်းထွန်းအောင်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းထိုက်နှင့် ဆရာဝန်များ၊ သူနာပြုအုပ်၊ ဒုတိယသူနာပြုအုပ်နှင့် သူနာပြုများက ကျောင်းသား၊ ကျောင်းသူ ၂၃၂ ဦးအား မျက်စိ၊ နား၊ နှာခေါင်း၊ လည်ပင်း၊ လည်ချောင်း၊ ဦးခေါင်းတို့နှင့်ပတ်သက်၍ ဖြစ်ပွားတတ်သော ရောဂါများကို အသိပညာပေး ဟောပြောခြင်း၊ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ကျောင်းအုပ်ဆရာကြီး ဦးမင်းသူနှင့် ဆရာ၊ ဆရာမများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၉၃)




# စက်ချုပ်နှင့် ဆေးဆိုးနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**အမရပူရ ဇွန် ၁၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်ခဲ့သော စက်ချုပ်နည်းပညာသင်တန်း၊ ဓာတုဗေဒဆေးဆိုးနည်းပညာသင်တန်းဆင်းပွဲကို ဇွန် ၁၀ ရက်က အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ အဆိုပါသိပ္ပံသင်တန်းခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသောဧည့်သည်များ၏ သင်တန်းသား၊ သင်တန်းသူများ၏လက်ရာ ကုန်ချောထည်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

(အပေါ်ပုံ)(၀၄၅)

# ကွန်ကရစ်ရေမြောင်းနှင့် လူသွားစင်္ကြံဆောင်ရွက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သရက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် လမ်းဦးစီးဌာနက ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သရက်-မင်းတုန်းလမ်း လမ်းဘေးဝဲ၊ ယာ ကွန်ကရစ်ရေမြောင်းဖောက်လုပ်ခြင်းနှင့် လူသွားစင်္ကြံ ဆောင်ရွက်ခြင်းလုပ်ငန်းများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ယမန်နေ့ ညနေပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ရာ သရက်မြို့နယ်လမ်းဦးစီးဌာန တာဝန်ခံဦးစီးအရာရှိ(မြို့ပြ)နှင့် အငယ်တန်းအင်ဂျင်နီယာတို့က ကွန်ကရစ်ရေမြောင်းဖောက်လုပ်ခြင်းနှင့် လူသွားစင်္ကြံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါကွန်ကရစ်ရေမြောင်းဖောက်လုပ်ခြင်းနှင့် လူသွားစင်္ကြံ ဆောင်ရွက်ခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေအား Quick Win အစီအမံဖြင့် အရှည် ၁၇၄၉ ပေကို အသုံးစရိတ် ရန်ပုံငွေကျပ် ၁၇၁ သန်း အကုန်ကျခံကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)

*-*-*-*-*-*



# အသားငါးဈေးနှုန်း မြင့်တင်ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မြို့နယ်စည်ပင်သာယာဈေးနှင့် ဒက္ခိဏဈေးအတွင်း ရောင်းချလျက်ရှိသည့် အသားငါးများ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် တာဝန်ရှိသူများက ယနေ့ နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဝင်များ၊ မြို့မဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်း၍ အမဲသား၊ ဝက်သား၊ ငါး၊ ဆိတ်သားများ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ အသားငါးများဈေးနှုန်း မြှင့်တင်ရောင်းချမှုမရှိစေရန်နှင့် အလေးချိန်ခွင်ပြည့်ဝစွာ ချိန်တွယ်ခြင်းဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချခြင်းများပြုလုပ်ရန်တို့ကို Hand -Speaker ဖြင့် ကြေညာပေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

နောင်နောင်(မိဿနိုးမြေ)

*-*-*-*

*-*-*-*-*-*



# ပြည်တွင်းထုတ်ဖိနပ်များ အရောင်းအဝယ်ကောင်းမွန်လာ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်

**မန္တလေး ဇွန် ၁၁**

ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသော ကတ္တီပါဖိနပ်၊ ရန်ကုန်ချုပ်ဖိနပ်နှင့် အခြားသော ပြည်တွင်းထုတ်ဖိနပ်အမျိုးမျိုးသည် ယခုလပိုင်းအတွင်း ဈေးကွက်လိုအပ်ချက်မြင့်တက်လာသဖြင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း ဖိနပ်ထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

ပြည်တွင်းထုတ်ဖိနပ်များသည် အရည်အသွေးကောင်းမွန်လာခြင်း၊ ဒီဇိုင်းပုံစံများ ခေတ်မီလာခြင်းနှင့် ဈေးနှုန်းသင့်တင့်ခြင်းတို့ကြောင့် သုံးစွဲသူများ၏ စိတ်ဝင်စားမှု ပိုမိုရရှိလာပြီး ဝယ်ယူအသုံးပြုမှုများလည်း တိုးတက်လာကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းထုတ်ကုန်များကို အားပေးဝယ်ယူသုံးစွဲလိုသည့် စိတ်ဓာတ်များ မြင့်တက်လာခြင်းကလည်း ဖိနပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုလျက်ရှိကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

အရောင်းအဝယ်ကောင်းမွန်လာမှုနှင့်အတူ ဖိနပ်ချုပ်လုပ်ငန်းများ၊ အရောင်းဆိုင်များနှင့် ဆက်စပ်လုပ်ငန်းများတွင် အလုပ်သမားလိုအပ်ချက်များ တိုးပွားလာပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းထုတ်ဖိနပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒေသတွင်းစီးပွားရေး လည်ပတ်မှုကို အားကောင်းစေသည့်အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ရေရှည်တိုးတက်မှုအတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

*-*-*-*-*-*



ရေစီးရေလာ
ကောင်းဖို့ရာ
ရေနုတ်မြောင်းမှာ
အမှိုက်ပစ်တာ
ဆင်ခြင်ပါ။

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းနှင့်ပတ်သက်၍ မသမာသူများ၏ အခကြေးငွေ လိမ်လည်တောင်းခံမှုများကို သတိပြုရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှကြေညာ

**ရန်ကုန် ဇွန် ၁၁**

တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများနှင့် ပတ်သက်၍ မသမာသူများ၏ လိမ်လည်လှည့်ဖြားမှုများကို သတိပြုရှောင်ကြဉ်နိုင်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ကြေညာထားသည်။




လတ်တလော ကာလတွင် အများပြည်သူ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း အပေါ် စိတ်ဝင်စားမှု မြင့်မားနေခြင်းကို အခွင့်ကောင်းယူ၍ လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် "အောင်စာရင်းနှင့် အမှတ်စာရင်းများကို ကြိုတင်ကြည့်ရှုပေးမည်" ဟူသော ဆွဲဆောင်မှုများဖြင့် အခကြေးငွေ လိမ်လည်တောင်းခံနေသည့် မသမာသူများကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

မသမာသူများသည် အစပိုင်းတွင် "ပညာဒါနအဖြစ် အခမဲ့ကြည့်ရှုပေးမည်" ဟုဆိုကာ ဆွဲဆောင်ပြီး စာမေးပွဲဖြေဆိုသူများ၏ ခုံအမှတ်များကို ရယူကြပြီးနောက် ခုံအမှတ်လာရောက်မေးမြန်းသူများအား "စာမေးပွဲကျရှုံးသဖြင့် ငွေပေးပါက အောင်မြင်အောင်ဆောင်ရွက်ပေးမည်" သို့မဟုတ် "ဂုဏ်ထူးရရှိအောင် လိုက်လံဆောင်ရွက်ပေးမည်" ဟုဆိုကာ ငွေကြေးများ လိမ်လည်တောင်းခံလေ့ရှိကြောင်း သိရသည်။

ထို့ပြင် ပိုမိုဆိုးရွားသော လိမ်လည်သူများသည် လူမှုကွန်ရက် အကောင့်တု ၃၊ ၄ ခုခန့်ကို စနစ်တကျ အသုံးပြုကာ မူရင်း လိမ်လည်မည့်အကောင့်ကို တိုက်ရိုက်မကြော်ငြာဘဲ အခြားအကောင့်တစ်ခုမှ "မိမိအမျိုးအဆွေများ၏ အောင်စာရင်းကို ကြည့်ရှုပေးသည့် ဆရာဖြစ်ကြောင်း" လမ်းညွှန်အယုံသွင်း၍ အဆင့်ဆင့် လိမ်လည်လှည့်ဖြားလျက်ရှိပြီး အောင်စာရင်းကို အကြောင်းပြု၍ လိမ်လည်မှုများသည် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းကို လွယ်ကူစွာ ရှာဖွေ ကြည့်ရှုနိုင်ရေးအတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန တရားဝင် ဝက်ဘ်ဆိုက်(Official Website) များကို အသုံးပြု၍သာ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ စာစစ်ဌာနအလိုက် အောင်စာရင်းဖိုင်များကိုဒေါင်းလုဒ်ရယူ ကြည့်ရှုနိုင်သည့် စနစ်အပြင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်မှ စတင်ကာ မိမိတို့၏ ခုံအမှတ်ကိုရိုက်ထည့်၍တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်သော ဝက်ဘ်ဆိုက်စနစ်သစ်ကိုလည်း မိတ်ဆက်ပေးခဲ့ပြီး တရားဝင်ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကြေညာပေးခြင်းမှအပ ဌာနအနေဖြင့် မည်သည့် အောင်စာရင်းကြည့် Application ကိုမျှ ထုတ်ဝေထားခြင်းမရှိကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် အောင်စာရင်း ကြည့်ရှုနိုင်သည်ဟုဆိုကာ ပျံ့နှံ့နေသော Application များအားလုံးသည် ပြင်ပမှ အလွတ်သဘောရေးဆွဲထားသော App များသာဖြစ်ပြီး အချက်အလက် တိကျမှန်ကန်စွာ ကြည့်ရှုနိုင်ခြင်း ရှိ/မရှိအတွက် အာမခံချက် လုံးဝမရှိသည့်အပြင် မိမိတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံမှုဆိုင်ရာ ဘေးအန္တရာယ်များ ရှိနိုင်သဖြင့် အထူးသတိပြုဆင်ခြင်ကြရန်နှင့် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ရာတွင်လည်း မိမိတို့၏ ခုံအမှတ်ဖြင့် တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်မည့် စနစ်ကို https://result.dme.gov.mm ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၏ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအရ အများပြည်သူသို့ တရားဝင်တစ်ပြိုင်တည်း ထုတ်ပြန် ကြေညာခြင်းမပြုမီ အောင်စာရင်းများ ကြိုတင်ပေါက်ကြားရန် လုံးဝ(လုံးဝ) ဖြစ်နိုင်ခြေမရှိ၍ "အောင်စာရင်း ကြိုတင် ကြည့်ရှုပေးမည်" ဟူသော ပြောဆိုချက်များသည် ရာနှုန်းပြည့် လိမ်လည်လှည့်ဖြားခြင်းသာဖြစ်ကြောင်း မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် အထူးသတိပြုကြရန်နှင့် မိမိတို့၏ အယုံလွယ်မှုကြောင့် မသမာသူများ၏ လိမ်လည်မှုများတွင် နစ်နာဆုံးရှုံးမှုမရှိစေရေး မိမိကိုယ်တိုင် သတိပြုဆင်ခြင်စောင့်ကြည့်ကြရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက အသိပေး နှိုးဆော်ထားသည်။ MT



## စိမ်းလန်းစိုပြည်ရေးအတွက် (ဒုတိယ)အကြိမ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ချောက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် သစ်တောသစ်ပင်များဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဒေသတွင်း အပူချိန်လျော့ကျလာစေရေးနှင့် သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁၅)ရပ်ကွက်၊ ချင်တောင်မတောင်၌ မာလာမြိုင်စိုက်ပျိုးရေး သွင်းအားစုကုမ္ပဏီနှင့် သရုပ်ဆောင်နေထူးနိုင်၊ ချင်တောင်မတောင် သစ်ပင်စိုက်ကော်မတီတို့ ပူးပေါင်း၍ ပျိုးပင် ၁၂၀၀ အား ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သရုပ်ဆောင် နေထူးနိုင်နှင့် အမှတ်(၁၅)ရပ်ကွက်နေ ပြည်သူများက သတ်မှတ်နေရာများ၌ တမာပင် ၁၀၀၀၊ ဖျောက်ဆိပ်ပင် ၂၀၀၊ စုစုပေါင်း ပျိုးပင် ၁၂၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်မိုး(ပြန်/ဆက်)

အသက်အန္တရာယ် ကင်းစေဖို့
ယာဉ်စည်းကမ်းကို လိုက်နာစို့။

## ချောက်မြို့၌ တိုင်းရင်းသားရေးရာ စာဖတ်ဝိုင်း ကျင်းပ

**ချောက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ တိုင်းရင်းသားရေးရာ စာဖတ်ဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Cen -tre)ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူ ဒေါ်လဝန်းဖြူသန့်က တိုင်းရင်းသားရေးရာ စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဓလေ့အကြောင်းအရာများအား ရှင်းလင်း၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြင့် စာဖတ်ခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ အားရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ တက်ရောက်လာသော တိုင်းရင်းသူတစ်ဦးက တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝအကြောင်းများအားလည်းကောင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးက စာပေဖတ်ရှုခြင်း အလေ့အထနှင့် စာပေဖတ်ရှုခြင်းမှ ရရှိသည့် အကျိုးကျေးဇူးအကြောင်းကို စာဖတ်ဝိုင်းတက်ရောက်လာသူများနှင့်အတူ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

## ပျားမွေးမြူရေး ပြည်သူအသိပညာပေးသင်တန်းဖွင့်လှစ်

**စဉ့်ကိုင် ဇွန် ၁၁**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ(စဉ့်ကိုင်မြို့နယ်တာဝန်ခံရုံး)မှ ပျားမွေးမြူရေး ပြည်သူအသိပညာပေး သင်တန်းကို ဇွန် ၉ ရက် မွန်းလွဲ ၃ နာရီက စဉ့်ကိုင်မြို့နယ်၊ လက်ဝဲကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ(စဉ့်ကိုင်မြို့နယ်ရုံး)မှ မြို့နယ်ဦးစီးမှူး ဦးသိန်းကိုက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ဆီထွက်သီးနှံ နေကြာနှင့် နှမ်းစိုက်ခင်းများဖြင့် ဝတ်မှုန်ကူးခြင်း ဆောင်ရွက်မှုအခြေအနေ၊ ဇီယက်နမ်ပျားဘုရင်မဖြင့် ပုဂ္ဂလိကပျားမွေးမြူသူများသို့ ပျားမျိုးမြှင့်တင်ရေး ဆောင်ရွက်ရန် ဖြန့်ဖြူးပေးမှုအခြေအနေများ ပျားရည်ထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများဖြင့် ပျားရည်ထုတ်လုပ်ပုံ အဆင့်ဆင့်တို့အား လက်တွေ့ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများနှင့် ဒေသခံတောင်သူများက သိလိုသည်များ မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

သင်တန်းကို ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ၅ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ့်ကိုင်)



## အမှတ်(၁၁) နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ မော်တော်ယာဉ်များ စစ်ဆေး

**မန္တလေး ဇွန် ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏအောင်၏ကြီးကြပ်မှုဖြင့် ပြည်သူ့လုံခြုံရေးအတွက် မြို့တွင်း မော်တော်ယာဉ်များ စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁၁)နယ်မြေခံ ရဲစခန်းအပိုင်၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါမော်တော်ယာဉ်များ စစ်ဆေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်း ဦးဆောင်၍ နယ်မြေခံစခန်းမှူး ဒုတိယရဲမှူး ကျော်မန်းနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့တွင်းမော်တော်ယာဉ်များစစ်ဆေးရာတွင် ခင်မင်လေးစားမှုဖြင့် အလေးပြု၍ နှုတ်ခွန်းဆက်သခြင်း၊ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံခြင်းများဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြည်သူများကလည်း ရဲတပ်ဖွဲ့ဝင်များ၏ ရှာဖွေစစ်ဆေးခြင်း လုပ်ငန်းများကို ကြည်ဖြူစွာ ပူးပေါင်းပါဝင်ပေးခဲ့ကြောင်း သိရသည်။

အလင်းသစ်

# သဒ္ဓါချမ်းသာ၍ သာသနာလန်းဖြာစေလိုသူ

အချိန်ကား မနက် ၈ နာရီခွဲ ရှိပေပြီ။ မန္တလေး နန်းတော်ရှေ့တွင်ရှိ စာပေတင်းကုပ်တွင် ဆုံနေကြ စာရေးဆရာ၊ ဆရာမကြီးများနှင့် အလွှာအသီးသီးမှ စာပေ၊ ပန်းချီ၊ ဂီတပညာ ဝါသနာရှင်များ ရောက်ရှိနေကြပေသည်။ မကြာမီ မဟာဝိဟာရ ကျောင်းတော်ကြီး၏ နာယကကြီးဖြစ်သူ ဆရာကြီးသား အောင်မြင့်၊ အစ်ကိုကြီးတော်စပ်သူ ဆရာကြီး မေမြို့ဆွေလင်းနှင့် မိသားစုများကို ဆရာတော် တက္ကသိုလ်တေဇာလင်း ဦးဆောင်၍ စာပေတင်းကုပ် စာပေစကားဝိုင်းသို့ ရောက်ရှိလာကြသည်။ စာပေညီအစ်ကို၊ မောင်နှမများအားလုံးမှ ခရီးဦးကြိုဆို၍ နေရာချထား ဧည့်ဝတ်ပြုကြသည်။ ယနေ့ စာပေတင်းကုပ်သို့ ရောက်ရှိနေကျ စာပေညီအစ်ကို၊ မောင်နှမများမှာ စုံညီလွန်းလှပေသည်။ ပုသိမ်ကြီးမြို့နယ်မှ ဆရာကြီးမာဃိန္ဒ ဦးဆောင်သော စာပေအဖွဲ့ဝင် စာရေးဆရာ၊ ဆရာမကြီးများ၊ အမရပူရမှ စာပေအဖွဲ့ဝင်များ၊ တံတားဦး၊ အင်းဝ အစရှိသည့် နေရပ်များမှ စာရေးဆရာများ၊ မန္တလေးမြို့ခံ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေစကားဝိုင်းကို စိတ်ဝင်တစား တက်ရောက်ကြသော ဧည့်သည်တော်များစွာတို့ အတူတကွ စုစည်းမိကြသည်။

ယနေ့ အခမ်းအနားတွင် ဆရာကြီးသား အောင်မြင့်မှ အောင်မြင်စွာ စုစည်းပူဇော်ကုသိုလ်ပြုခွင့်ရခဲ့သော ဗောဓိပူဇာမဂ္ဂဇင်းအမှတ်(၃) အပြီးတွင် အားနည်း၊ အားသာချက်များကို စုပေါင်းအကဲဖြတ်ကြ၍ နောက်ထက်ထွက်ရှိမည့် ဗောဓိပူဇာမဂ္ဂဇင်းအမှတ်(၄)အတွက် အကောင်းဆုံးစာမူများ ဖန်တီးရေးသား ကုသိုလ်ပြုနိုင်ရေး ဆွေးနွေးတိုင်ပင်ကြရန်ပင် ဖြစ်ပေသည်။ အခမ်းအနားကို မနက် ၉ နာရီတွင် အောင်မြင်စွာ စတင်ခဲ့ပြီး စာရေးသူမှ ကြိုဆိုနှုတ်ဆက်စကားပြောကြားခွင့်ရခဲ့သည်။ ဆရာတော် တက္ကသိုလ်တေဇာလင်း အမှူးပြု၍ ယနေ့အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြသည့် အသက်ဂုဏ်ဝါကြီးမြင့်ကြသူ စာရေးဆရာ၊ ဆရာမကြီးများနှင့် ပညာရှင်အသီးသီးတို့အား တွေ့ဆုံကြ၍ 'ဂုဏဝန္တေ ပဿန္တိနရာ' ဟူသော ပါဠိတော်လာ စကားကို နှစ်ထောင်းအားရရွတ်ဆိုဂုဏ်ပြုခဲ့သည်။ ထို့နောက် ကဗျာဆရာမ နှင်းဆီညို၏ 'ဝါသနာ' ကဗျာကို ရွတ်ဆိုဂုဏ်ပြုရင်း မိတ်ဆက်စကားကို အနားသတ်ခဲ့သည်။

ထို့နောက် အလှည့်ကျဖြစ်သော ဆရာကြီးသား အောင်မြင့်၏မုဒိတာနှင့် ရှေ့လုပ်ငန်းအစီအစဉ်ကို နားထောင်ခွင့်ရခဲ့ကြသည်။ ရှေးဦးစွာ ဆရာကြီးသား အောင်မြင့်မှ 'နန်းတော်ရှေ့ စာပေတင်းကုပ်ကို ကျွန်တော် တစ်ခေါက်နှစ်ခေါက် ရောက်ခဲ့တယ်၊ စာရေးဆရာတွေ ကဗျာတွေရွတ်ကြ၊ ဖတ်ကြ၊ စာကြောင်းပေကြောင်းတွေ ပြောကြတာကို ကျွန်တော် သဘောကြမိတယ်၊ ဒါကြောင့်လည်း ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်မှာ နယ်ပယ်အသီးသီးက စာရေးဆရာ၊ ဆရာမတွေကို မဟာဝိဟာရကျောင်းတော်ကြီးမှာ ကျင်းပတဲ့ ညောင်ရေသွန်းပွဲတော်ကို ဖိတ်လိုက်တာပါ၊ အဆင်ပြေမှု၊ မပြေမှုဆိုတဲ့ အခက်အခဲလေးတွေတော့ ရှိတာပေါ့ဗျာ၊ ဒါပေမဲ့ အခုစာပေဝိုင်းမှာ ဆရာမောင်မြဝေ(ယောမင်းကြီး)ရွတ်တဲ့ တေးထပ်ကို နားထောင်လိုက်မိတော့ နောက်နှစ်အတွက် အားရှိသွားတယ်၊ ဒီအစီအစဉ်ဖြစ်အောင်လုပ်မယ်' လို့ ဝမ်းသာဖွယ်စကား မိန့်ကြားခဲ့သည်ကို နားထောင်ခွင့်ရခဲ့ကြသည်။

ဆက်လက်၍ ထုတ်ဝေမည့် မဂ္ဂဇင်းအမှတ်(၄)တွင်လည်း ပိုမိုကောင်းမွန်သည့် ဘာသာ၊ သာသနာ အကျိုးပြု စာပေ၊ ကဗျာများ ကြိုးစားရေးဖွဲ့ပေးကြပါရန် မေတ္တာရပ်ခံခဲ့ပေသည်။ မဟာဗောဓိပင်အနီးတွင် စာပေသမားများစုစည်း၍ ပူဇော်ပွဲအခမ်းအနားကျင်းပပြီး ရွတ်ဆိုပူဇော်ကြပုံများကို ဂုဏ်ယူဖွယ်ဖြစ်အောင် မှတ်တမ်းပြုလိုကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ထပ်မံတိုးချဲ့လိုသည်မှာ ရှစ်လုံးဖွဲ့ကဗျာ ရွတ်ဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့မှုမက ဝေါစဂမ်ရွာများမှ လူငယ်လူရွယ်များ လိမ္မာရေးခြားရှိစေရန် ဗုဒ္ဓနေ့၊ ဘာသာသာသနာနှင့် ပတ်သက်သော အကြောင်းအရာ ဗောဓိပူဇာသာသနာထွန်းကားစေမည့် ကဗျာရွတ်ဆိုပြိုင်ပွဲလည်း ထည့်သွင်းကျင်းပလို၍ ဆရာတော် တက္ကသိုလ်တေဇာလင်းနှင့်တကွ စာပေတင်းကုပ် စာရေးဆရာမကြီးများမှ စည်းမျဉ်း၊ စည်းကမ်းများနှင့် ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ပေးစေလိုကြောင်း သိခွင့်ရခဲ့သည်။ ဝေါစဂမ်ကျေးရွာများမှ လူငယ်လူရွယ်များကို ရိုင်းနေသောလူငယ်များ ယဉ်ကျေးစေလိုခြင်း၊ ကြမ်းတမ်းသူများ နူးနယ်သွားစေလိုခြင်း၊ ဆိုးသွမ်းသူများ လိမ္မာသွားစေလိုသည်မှာ ကဗျာရွတ်ပွဲကျင်းပလိုခြင်း၏ ရည်ရွယ်ချက်ဖြစ်ကြောင်း ဆရာကြီးသား အောင်မြင့်၏ ရင်တွင်းရည်ရွယ်ချက်များကို လေးစားခဲ့ရသည်။

အထူးသဖြင့် ဗောဓိသာသနာလည်း ထွန်းကာစေလိုခြင်းမှာ စိတ်ရင်းအမှန်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်မှာ သဒ္ဓါတရားသာချမ်းသာ၍ ခနေ့ငွေကြေးမချမ်းသာသော်လည်း မိမိရည်ရွယ်ချက်များကို အောင်မြင်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အခမ်းအနားတွင်လည်း မိမိအားထားရသော မိမိအားဝိုင်းဝန်းကူညီ အားပေးနေကြသော အတူတကွ သာသနာပြုလက်တွဲဖော်များအဖြစ် ဂုဏ်ယူပါကြောင်း ပြောကြားရင်း ဧည့်ခံကျွေးမွေးခဲ့သည်။ သဒ္ဓါတရားချမ်းသာသူဖြစ်ကြောင်း ထင်ရှားသော သာဓကပင်ဖြစ်ပေသည်။ အထူးအားဖြင့် 'သာသနာ အညာဆန်သည်' ဟူ၍ ဆိုရမည်ဖြစ်သော မဟာဝိဟာရကျောင်းတော်ကြီးနှင့် ဗောဓိပင်စိုက်ပျိုးပူဇော်သော ဗောဓိသာသနာ့ဒါယကာကြီး သားအောင်မြင့်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များမှာ နားထောင်ခွင့်ရသူ စာရေးဆရာ၊ ဆရာမကြီးများအတွက် အားတက်ဖွယ်ဖြစ်နေသည်မှာ မလွဲပေ၊ ခမ္ဘစာပေ၊ ခမ္ဘကဗျာများအား အခကြေးငွေ မသတ်မှတ်ဘဲ ကုသိုလ်ပြုရေးသားပူဇော်ခွင့်ရကြ၍ ကုသိုလ်တရားထပ်တူပွားများနိုင်ကြောင်း ဂုဏ်ယူနိုင်ကြပေသည်။ ထို့မျှမက မဟာဝိဟာရသာသနာ့မော်ကွန်းအမှတ်(၃)တွင် ဆရာကြီးသားအောင်မြင့် ရေးသားဖော်ပြခဲ့သော 'အဖွင့်နိဒါန်း အချီးစကား' တွင် သာသနာမြေ မဟာဝိဟာရကျောင်းတော်သာ (မန္တလေး၊ ပြင်ဦးလွင်)များ ပျံ့နှံ့အခြေတည်လာနိုင်ရေးအတွက် အဓိကကျသည့် ရဟန်းသံဃာများနှင့် သာသနာ၏ အထောက်အပံ့ကောင်းများအဖြစ် ဝန်းရံထားသော ဥပဋ္ဌာကအဖွဲ့ဝင်များ အပါအဝင် စေတနာရှင်များစွာတို့၏ ဒါနအားကြောင့် မဟာဝိဟာရသမိုင်းစာမျက်နှာမှာ ကြည်ညိုစံထား ဂုဏ်ယူဖွယ်ရာမှတ်တမ်းလွှာအဖြစ် ပေါ်လွင်ခိုင်ကျည်စွာဖြစ်တည်နေပါသည်ဟူ၍ဖြစ်ရာ ကဗျာစာပေရေးသားပူဇော်ခွင့်ရကြသည့် စာရေးဆရာ၊ ဆရာမကြီးများ၏ စာပေဒါနကို အရေးပေးမှတ်တမ်းပြုခဲ့သည်မှာ ဆရာကြီး၏ မွန်မြတ်စွာသောစိတ်ထားပင်ဖြစ်သည်။

ထိုသို့ ဆရာကြီးသားအောင်မြင့်၏ သဒ္ဓါချမ်းသာ၍ သာသနာလန်းဖြာလိုသော စိတ်ထားကို စာပေတင်းကုပ် စာရေးဆရာအဖွဲ့မှ ကဗျာဆရာဇော်ချိုသာက 'မဟာဗောဓိပူဇာ မုဒိတာ' ကဗျာဖြင့်

**သာသနာရောင်ဝါလင်းစေဖို့**
**စာကဗျာ ဆောင်ကာမရွှင်းစေပ။**
**သင်းမြမြ ဂုဏ်အင်္ဂါ။**
**မြတ်ဆရာ သားအောင်မြင့်ရယ်က**
**ထပ်ကာသာ အများအောင်ခွင့်သာဖို့**
**ကူးဆင့်ပေတာ။**
**မြတ်ဗောဓိ ကျမ်းရွှေစာ**
**အောင်ရာအောင်ခွင့် ဆင့်စေသား။**
**'သုံးနှစ်'တာ အောင်ခွင့်ပန်းကိုလ**
**မဆုံးလှစ်ခါ နောင်ဆင့်လန်းရအောင်**
**အစွမ်းကုန်သာ**
**ပန်းပဒုံကြာ လှလှသင်းသလိုပ**
**ပပဝင်းခန့်ထည်ကာ အနှစ်ပြည့်ဝပါတဲ့**
**'စတုတ္ထ' မဟာဗောဓိရွှေစာကျမ်းကိုလ**
**မှန်းဆရည်ပွား။** ။ ဟူ၍ ဂုဏ်ပြုရေးသားစပ်ဆိုခဲ့ပေသည်။ စာပေတင်းကုပ် စာရေးဆရာ၊ ဆရာမကြီးများအားလုံး သဒ္ဓါချမ်းသာ၍ သာသနာလန်းဖြာစေလိုသူ ဆရာကြီးသားအောင်မြင့်မြတ်၏ ဆန္ဒမွန်များအား ဝိုင်းဝန်းဖြည့်ဆည်း၍ စာရေးသူမှလည်း ဆရာကြီးသားအောင်မြင့်အား ဤဆောင်းပါးဖြင့် လေးစားဦးခိုက်ဂုဏ်ပြုအပ်ပါသည်။

ဖြိုး(ခမ္ဘအလင်း)

# အလှူရှင်များ၏ ကာလဒါန ကုသိုလ်ကြောင့် ကျောင်းသား၊ ကျောင်းသူများဝမ်းသာ ပျော်ရွှင်ရ

ကာလဒါနဆိုသည်မှာ လိုအပ်သောအချိန်၌ လိုအပ်သောပစ္စည်းကိုလှူဒါန်းခြင်းဖြစ်လို့ ကာလဒါနမည်လေသည်။ စာပေသင်ယူနိုင်ရန် အထောက်အကူပြု လှူဒါန်းမှုသည် ပညာတိုးပွားရေးကို အားပေးသော ကုသိုလ်ဖြစ်သောကြောင့် အကျိုးများလှပေသည်။ ကျောင်းသုံးစာရေးကိရိယာလှူဒါန်းခြင်းကို ပစ္စည်းဒါနဟု ခေါ်ဆိုနိုင်ပြီး အချိန်အခါသင့်လှူဒါန်းခြင်းဖြစ်သောကြောင့် ကာလဒါနအလှူ ဖြစ်လေသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၃၅၀ ကျော်အား ကျောင်းသုံးစာရေးကိရိယာများနှင့် အာဟာရ ကျွေးမွေးထောက်ပံ့လှူဒါန်းမှုကို မဟာမြိုင်(၁)ရပ်ကွက်နေ ဦးနေမင်းဦး(ခ)ဖိုးခွား + ဒေါ်ယုယုဇော် (ပီတိသုခ-မိသားစု)၊ ဦးတင်လင်း+ဒေါ်ခိုင်ဝေဝေဖြိုး၊ (သမီး) မပိုးရတီခေတ်မိသားစု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်)မိသားစု၊ မိသားစုများက (တတိယ)အကြိမ်မြောက် ထောက်ပံ့လှူဒါန်းခြင်းကို ဇွန် ၉ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ကျောင်းဖွင့်ရာသီဖြစ်လို့ ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာကျောင်းတက်နေချိန်မှာ ကျောင်းသုံးပစ္စည်းများဖြစ်သည့် ကျောပိုးအိတ်၊ ထမင်းဘူး၊ ရေဘူး၊ ကွန်ပါဘူး၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများကို ကျောင်းရှိ ကျောင်းသားတစ်ယောက်ချင်းစီတိုင်းကို ရရှိအောင် လှူဒါန်းပေးခြင်းဖြစ်လို့ လက်ခံရရှိကြသည့် ကျောင်းသားတိုင်း ပျော်ရွှင်တက်ကြွနေသည့် မြင်ကွင်းမှာ အလှူရှင်တွေ တပြုံးပြုံးနှင့် ကြည်နူးစရာကောင်းလှပေသည်။

ဇွန် ၉ ရက် မွန်းလွဲပိုင်း ကျောင်းတက်ခေါင်းလောင်းသံနှင့်အတူ ကျောင်းသားများ ကိုယ်စီ အတန်းတက်သွားချိန်မှာ အလှူရှင်များက ကျောင်းခန်းဆောင်ကြီးအတွင်း၌ ကျောင်းသား၊ ကျောင်းသူ ၃၅၀ ကျော်အတွက် ငွေကျပ် သိန်း ၁၀၀ နီးပါးတန်ဖိုးရှိ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံပါ စာအုပ်ထုပ်လေးများကို ခင်းကျင်းထားရာမှာ အလှူရှင်ကို ဝိုင်းဝန်းကူညီကြသည့် ရပ်ကွက်နေ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုံညီစွာ တက်ရောက်အားပေးကြသည်မှာလည်း အလှူရှင်၏ ကာလဒါနကုသိုလ်ကို ဝိုင်းဝန်းကုသိုလ်ပြုကြသည်မှာ မိတ္တဗလ အပေါင်းအသင်း၊ မိတ်ဆွေအင်အားကောင်းမွန်ခြင်းကို ညွှန်းဆိုနေလေသည်။



ကျောင်းတက်ခေါင်းလောင်းသံနှင့်အတူ တဒင်္ဂ ငြိမ်သက်သွားသလိုရှိသော်လည်း ကျောင်းခန်းမကြီးအတွင်း ကျောင်းသုံးစာရေးကိရိယာများခင်းကျင်းထားသည့် ခန်းမအတွင်း အတန်းငယ်လေးတွေမှစပြီး အတန်းကြီးများအထိ ကျောင်းဆရာ၊ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် စည်းကမ်းသေဝပ်စွာ စီတန်းလို့ နေရာယူ လိုက်တာ တစ်ခဏအတွင်းပင် ကျောင်းခန်းမကြီး ပြည့်လျှံလို့ အခမ်း အနားကို စတင်ပါတော့သည်။

အလှူရှင်ဆိုသည်မှာလည်း ရပ်ကွက်နေသူများဖြစ်လို့ ကျောင်းနှင့် ရင်းနှီးကျွမ်းဝင်ရှိလှသူများပီပီ ကျောင်း၌ ကျောင်းသားများ လိုအပ်ချိန်တွင် လိုအပ်သည့်ပစ္စည်းကို အချိန်ခါကိုက် လှူဒါန်းနိုင်ခြင်း ဖြစ်လေသည်။ အလှူရှင်က အခုလို လှူဒါန်းရခြင်းအကြောင်းအရင်းက "ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝမှာ မိဘများက ဝန်ထမ်းတွေဖြစ်ပြီး စီးပွားရေးအဆင်မပြေတော့… ကျောင်းသားဘဝက ခက်ခဲကြမ်းတမ်းခဲ့သလို… ယနေ့ သားငယ်၊ သမီးငယ်လေးများကို ကျွန်တော့်လို မခံစားရစေဘဲ… ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စေရန်၊ ပညာတတ်ကြီးများဖြစ်စေရန် ရည်ရွယ်ပြီး အတတ်နိုင်ဆုံးကြိုးစားပြီး နှစ်စဉ်လှူဒါန်းနိုင်အောင် ကြိုးစားသွားပါမယ်" လို့ပြောတော့ ဝမ်းမြောက်ဝမ်းသာ သာဓုအကြိမ်ကြိမ် ခေါ်ဆိုရလေသည်။

ကျောင်းခန်းမကြီးရှေ့ပိုင်းမှာ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်၊ ခဲတံများကို အတန်းငယ်ကျောင်းသားများကစလို့ အလှူရှင်များက စတင်လှူဒါန်းပြီးနောက် ထွက်လာသည့် ကျောင်းသားလေးများကို ကျောပိုးအိတ်၊ ထမင်းဘူး၊ ထမင်းချိုင့်ခြင်း၊ ရေဘူး၊ ကွန်ပါဘူးများကို ဗလာမပါ မဲနှိုက်ကာ ပေးလှူတော့ ကျောင်းသား၊ ကျောင်းသူကလေးတွေမှာ ပျော်ရွှင်ခုန်ပေါက်သွားပုံမြင်ကွင်းက အလှူရှင်မိသားစုတွေရော မြင်ရသူတွေပါ အပျော်ကူးစက် ကြည်နူးဝမ်းသာစရာကောင်းလှသည်မို့ နှစ်စဉ်နှစ်တိုင်း လှူဒါန်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။

ရွှေမန်း

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



**ပျော်ဘွယ် ဇွန် ၁၁**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်၊ စာအုပ်၊ စာစောင်များပြသခြင်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ယန်းစုံ)တွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကလေးအလုပ်သမား၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပညာရေးကို အဆင့်တစ်ခုရောက်သည်အထိ သင်ကြားနိုင်ရေး၊ မိမိတို့ကိုယ်တိုင်လည်း ကလေးအလုပ်သမား မဖြစ်စေရေးနှင့် ပတ်ဝန်းကျင်တွင်လည်း ပညာသင်ကြားမှုမရှိဘဲ လုပ်ငန်းခွင်သို့ ရောက်ရှိနေသူများရှိပါက ကျောင်းတက်ရောက်နိုင်ရန် စည်းရုံးတတ်စေရေးတို့ကို ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်သော အသိပညာပေး နံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## စပါးတောင်ပုံ ဆီရေချိုးလို့

* မိုးရွာရင် ထွန်တုံးချ
နွားတစ်ရှဉ်းနှင့် ယာဆင်းမယ်
ကိုတောင်သူ မျှော်ကာ,တ
မောလုရှော့မယ် ။

* လုံမငယ် ဖော်တစ်သိုက်
ကောက်စိုက်တေးဖြင့် မိုးကိုမျှော်
တို့ယာတော် အသွင်လှ
ပျိုးပင်က တန်းလို့ပျော် ။

* လယ်ပြင်က ဘော်ငွေရောင်
ရေဖောင်ဖောင် ဗျိုင်းအုပ်နှင့်ဖွေး
ငါးမွေးကာ အထွက်တိုးတော့
ဝင်ငွေဖြိုးလို့ ပြည့်တယ်တဲ့လေး ။

* စပါးတောင်ပုံ ဆီရေချိုးလို့
ပြည်ကျိုးမဟာ ဦးမော့ရယ်
လေးသွယ်ဖြဟ္မစိုရ် ထိပ်မှာမိုးတော့
မိုးနတ်မင်းလည်း ကူလိမ့်မယ် ။

* စိုက်လို့ကွယ် ရတာက်အေးပေါ့
ထပ်ကျော့စပါးဖြင့် ပြည့်ဖြိုးကြွယ်
တို့အဘိုး၊ အဘွား လယ်အမွေစစ်မို့
လယ်၊ ယာချစ်လို့ အားမွေးမယ်
စိုက်ကွယ်··· စိုက်ကွယ်··· ။ ။

**အိုးဝေ(မြေနီကျင်း)**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**မြို့သစ် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြေပြင်သာကျေးရွာအုပ်စု၊ မြေပြင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုထွေးက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ယခုကာလတွင် ဖြစ်ပွားတတ်သည့် မုန်တိုင်းဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်၊ မြေပြိုဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်နှင့် ငလျင်ဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များကို အသိပညာပေးဟောပြောပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင် ရှစ်မျိုးကို ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးအသိပညာပေးစစ်ဆေးခြင်းနှင့် ပဏာမ မျက်စိစစ်ဆေးခြင်း ဆောင်ရွက်

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးစစ်ဆေးခြင်းနှင့် ပဏာမ မျက်စိစစ်ဆေးပေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အမှတ်(၂၂) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြုဆရာမကြီး ဒေါ်နီနီဆွေ ဦးဆောင်၍ သားဖွားဆရာမ ဒေါ်ဝေနှင်းဖြိုးနှင့် တာဝန်ရှိသူများက မူလတန်းအဆင့် ကျောင်းသား ၁၉၆ ဦး၊ ကျောင်းသူ ၂၀၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၁ ဦးတို့အား ပဏာမ မျက်စိစစ်ဆေးပေးခြင်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အထက်အဆင့် လွှဲပြောင်းလူနာမရှိကြောင်းနှင့် ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အလင်းသစ်**






## မြို့နယ်အဆင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်း ဆင့်ပွားသင်တန်းဖွင့်

**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အဆင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်း ဆင့်ပွားသင်တန်း ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဆုမွန်ဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့ရာ ကျန်းမာရေးမှူး(၁) ဦးသာဆန်းက မျက်စိအမြင် စမ်းသပ်စစ်ဆေးခြင်း နည်းလမ်းများအကြောင်း၊ ကျန်းမာရေးမှူး ဒေါ်ခင်မာသက်က ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်(၉)ရပ်၊ ဆယ်ကျော်သက်အရွယ်များ၏ ကျန်းမာရေးအကြောင်းများ၊ ဒုတိယဦးစီးမှူး (ကျန်းမာပညာ) ဒေါ်ထက်ထက်မော်က သဘာဝဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်စဉ်၊ ကျရောက်ပြီး စာသင်ကျောင်းများတွင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကလေးသူငယ်စိတ်ကျန်းမာရေး၊ နှစ်သိမ့်ဆွေးနွေးခြင်းပညာများအကြောင်း သင်ကြားပို့ချဆွေးနွေးခဲ့သည်။

ဆင့်ပွားသင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၅)၊ ဦးပိုင်အမှတ်(၂၁)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်ဆွေဆွေလှ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/လဝန(နိုင်)၀၂၆၈၂၅)က S.S (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၀)၊ ဦးပိုင်အမှတ်(၄၈) မြေကွက်သည် ဦးကျော်ရွှေ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်အစွန်ဆုံးခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်သိန်းချိုထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်နံပါတ်(ခ/၁၅၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၈)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်အေးအေးဝင်း(၉/မနမ(နိုင်)၀၉၅၉၂၆) အမည်ဖြင့် ဂရန်ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ယဉ်မင်းထွေး(ဘ)ဦးကျော်စီ(၉/မရမ(နိုင်)၀၀၂၀၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်နံပါတ်(၄၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဒေါ်စံ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀ × ၄၀) ထဲမှ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်သန်း(ဘ)ဦးချော(၅/ဘတလ(နိုင်)၀၀၃၁၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်နံပါတ်(၅၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ချစ်လုံးနှင့် ဦးသန်းနိုင်စိုး(ဘ)ဦးမောင်လှ(၉/မရတ(နိုင်)၁၁၀၆၉၉)တို့ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ် (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးမြင့်ဇော်(ဘ)ဦးရွှေလှ(၅/အရတ(နိုင်)၀၆၁၉၁၀)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၇)၊ ဦးပိုင်နံပါတ်(၄၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှမောင်နှင့် ဒေါ်ခင်မြင့်ရီတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပူးတွဲအမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးလှမောင်နှင့် ဒေါ်ခင်မြင့်ရီတို့ အသီးသီး ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံ ပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်လှ(ခ)ဒေါ်ရင်ရင်နွဲ့(၉/မရမ(နိုင်)၀၅၄၂၉၈)၊ ဒေါ်တင်မျိုးမြတ်ထွန်း(၇/ပမန(နိုင်)၁၂၈၀၈၁)နှင့် ဒေါ်ခင်လှမွန်(၉/မရမ(နိုင်)၀၅၄၃၃၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဒေါ်ကောင်းစုဝမ်း (LL.B) ဒေါ်မေစင်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်အမှတ်(၆၇)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအုန်းမောင် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းမင်းစိုး(ဘ)ဦးကျော်အေး(၅/မမတ(နိုင်)၀၅၉၆၁၉)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူသီမြင့် (LL.B, DBL) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်နံပါတ်(၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးလှအောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သီတာပိုင်(ဘ)ဦးစံပိုင်(၉/မနမ(နိုင်)၁၂၀၇၁၁) [၎င်း၏ကိုယ်စား ညီမဖြစ်သူ ဒေါ်စုစုပိုင်(ဘ) ဦးစံပိုင်(၉/မနမ(နိုင်)၁၂၁၅၇၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသောင်းကြည် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း တောင်အစွန်ဆုံး ပေ(၂၀ × ၄၀)နှင့်ကပ်လျက် မြောက်ဘက်ခြမ်း (၁၀ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနိုင်ဦး(ဘ)ဦးခွေးပု(၉/ပကခ(နိုင်)၀၁၈၂၃၀)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူသီမြင့် (LL.B, DBL) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၉၅၄၄**

## အကွက်အမှတ်(ညည-၂၈)၊ ဦးပိုင်အမှတ်(၃၀-ခ)၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၈)၊ ဦးပိုင်အမှတ်(၃၀-ခ)၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးလွင်ဦး အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထဲလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးကျော်ညွန့်(ဘ)ဦးမြထွန်း(၁/မကန(နိုင်)၀၈၂၅၄၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေအပြေကြေကို ပေးချေထားပြီး ဖြစ်ပါသည်။

အရောင်းအဝယ်ပြုလုပ်ထားသည့် အထက်ပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ၎င်းမြေကွက်ကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၃၈၈**

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၂)၊ ဦးပိုင်အမှတ်(၈၅+၈၆)၊ ၄၁လမ်း၊ ၆၆လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ဝင်း(၉/မရမ(နိုင်)၀၆၄၇၁၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၄၀/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါက်တာ ဦးဟိန်းဇော်ထွန်း(၉/ခအစ(နိုင်)၀၂၅၆၁၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၉)၊ ဦးပိုင်အမှတ်(၈၂)၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြား၊ ၆၀(အေ)လမ်းနှင့် ၆၀(ဘီ)လမ်းကြားရှိ ဒေါ်ခင်ဝင်းမြင့် အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်ပြည့်သက်ဦးက တရားပြိုင် ဒေါ်ခင်ဝင်းမြင့်(၎င်း၏ SP ရရှိသူ ဒေါ်ဖြူဖြူထွန်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော် တရားမကြီးမှုအမှတ်(၁၈၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ပြည့်သက်ဦး(၉/ခမစ(နိုင်)၀၁၃၈၃၅)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၈)၊ ဦးပိုင်အမှတ်(၅၃)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးပြည့်အောင်(MDYSE -၀၂၆၉၈၄)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၈၁၉/၁၉၉၈)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သိန်း(MDYNE -၀၀၀၅၀၃၊ ၉/မရမ(နိုင်)၀၆၃၁၉၃)၊ ဒေါ်မြင့်မြင့်ကြည်(၉/မရမ(နိုင်)၀၄၂၄၄၁)တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၉၄-ခ/၁)၊ ဦးပိုင်အမှတ်(၂၄)၊ ရန်-မန်းအနောက်ဘက်၊ အမရပူရဖြတ်လမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမြင့်(ခ)အိလ်ရာဇ်(၉/မထလ(နိုင်)၀၄၃၁၉၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၉)၊ ဦးပိုင်အမှတ်(၇+၈)၊ ၄၁လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးကျော်ညီလှိုင်(၁၃/ဟပတ(နိုင်)၀၀၉၀၅၈)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၉၇၇/၂၀၁၂)(၄၉၇၆/၂၀၁၂)တို့ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူနှင်းလွင်(၁၃/လရန(နိုင်)၁၂၁၉၅၇)က ဂရန်စာချုပ်တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၂၁-က)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်မာ(၉/မရမ(နိုင်)၀၀၇၆၀၂၊ MTA-၁၆၆၅၅၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၂၅၀/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစုန်ရင့်(၁၃/နခန(နိုင်)၀၄၂၀၃၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၂)၊ ဦးပိုင်အမှတ်(၈၈-က)၊ ၄၉လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (မိခင်)ဒေါ်ဝေဝေမာ(၉/ခမစ(နိုင်)၀၂၃၈၆၅)မှ သားအရင်းဖြစ်သူ မောင်သုတလင်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၇-ခ)၊ ဘုန်းတော်တိုး(၁)လမ်း၊ ၆၅(E)လမ်းနှင့် ၆၅(F)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းနိုင်ထွန်း(၉/အမဇ(နိုင်)၀၄၉၂၆၁)၊ ဒေါ်တင်တင်မြင့်(၉/မနမ(နိုင်)၀၀၁၈၅၅)တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၇-က)၊ ဘုန်းတော်တိုး(၁)လမ်း၊ ၆၅(E)လမ်းနှင့် ၆၅(F)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းစန်းဦး(၉/မနမ(နိုင်)၀၉၉၆၇၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၁၂၆)၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝေ(၉/မရမ(နိုင်)၀၂၀၃၇၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၂၆)၊ ဦးပိုင်အမှတ်(၁၆-င)၊ လမ်း၉၀၊ ၃၃လမ်းနှင့် ၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ငယ်ငယ်ထွန်း(၉/မနတ(နိုင်)၀၀၃၂၁၉)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ်(၁၇၇-ခ ခဲစင်းတောင်ခြမ်း)၊ ၆၇(A)လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ပြုံး(၁၃/မမတ(နိုင်)၀၀၂၆၃၆)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၅-၂၀၂၆ ရက်ထွက် မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၂၃ ၌ ပါရှိသော အများသိစေရန်ကြေညာခြင်းတွင် အကွက်အမှတ်(ဒဒ-၄၁)၊ ဦးပိုင်နံပါတ်(၅၃)အစား အကွက်အမှတ်(ဒဒ-၄၁)၊ ဦးပိုင်နံပါတ်(၃၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်အမှတ်(၅၇ ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း)၊ ၆၄လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နီအောင်(၅/ခဉတ(နိုင်)၀၅၀၁၆၉)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇+၈)၊ ဦးပိုင်အမှတ်(၁၁၁ဆ+၁၁၁စ)၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၃၉လမ်းနှင့် လမ်း၄၀ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်မြင့်(AE-၂၁၅၆၄၉)(၉/မရတ(နိုင်)၀၀၆၃၆၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၃+၄)ခဲစင်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၃၈လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နီဦး(၉/ခမစ(နိုင်)၀၀၂၇၈၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းမေ(၉/အမဇ(နိုင်)၀၁၄၁၀၈)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က အပိုင်း-၃)၊ ဦးပိုင်အမှတ်(၄၈-ခ)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာမြင့်(၉/မရမ(နိုင်)၀၃၅၉၂၁)၊ ဒေါ်စန္ဒာ(၉/မရမ(နိုင်)၀၀၀၀၄၈)တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၁+၂)ခဲစင်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၃၈လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နီဦး(၉/ခမစ(နိုင်)၀၀၂၇၈၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းမေ(၉/အမဇ(နိုင်)၀၁၄၁၀၈)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၅+၆)ခဲစင်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နီဦး(၉/ခမစ(နိုင်)၀၀၂၇၈၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းမေ(၉/အမဇ(နိုင်)၀၁၄၁၀၈)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၇+၈)ခဲစင်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နီဦး(၉/ခမစ(နိုင်)၀၀၂၇၈၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းမေ(၉/အမဇ(နိုင်)၀၁၄၁၀၈)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ကလေးမြို့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် လူသုံးကုန်ပစ္စည်းများ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်



နေပြည်တော် ဇွန် ၁၁

တပ်မတော်အနေဖြင့် အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် စာမျက်နှာ ၁၀ သို့ ❋

ကလေးမြို့သို့ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိစဉ်။




## AFC/MFF Pro Diploma နည်းပြသင်တန်း (Module 2) စတင်

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)နှင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC)တို့ ပူးပေါင်းစီစဉ်သည့် AFC/MFF Pro Diploma Coaching Course (Module 2) သင်တန်းကို ယနေ့နံနက်ပိုင်းက MFF ရုံးနှင့် သုဝဏ္ဏကွင်းတို့တွင် စတင်ခဲ့သည်။

ယခုသင်တန်းသည် ဘောလုံးနည်းပြလိုင်စင်များတွင် အမြင့်ဆုံးအဆင့် Professional သင်တန်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် စတင်အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကာ ယခုအခါ Module 2သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား စုစုပေါင်း ၁၆ ဦး တက်ရောက်လျက်ရှိပြီး နိုင်ငံခြားသားနည်းပြ လေးဦး ပါဝင်သည်။

သင်တန်းကာလမှာ ဇွန် ၁၁ ရက်မှ ၁၇ ရက်နေ့အထိဖြစ်ပြီး ခေတ်သစ်ဘောလုံးလောက၏ မဟာဗျူဟာများ၊ နည်းစနစ်ပိုင်းဆိုင်ရာများနှင့် လက်တွေ့ကွင်းတွင်း လေ့ကျင့်ခန်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

(NGB)

# တပ်မတော်စစ်ကြောင်းများက ချောင်းဦး-ရေစကြိုလမ်းကြောင်း တစ်လျှောက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာတည်ဆောက်ထားသည့် ကွန်ကရစ်မြေအောက်ဘန်ကာများ တွေ့ရှိ

နေပြည်တော် ဇွန် ၁၁

တပ်မတော်စစ်ကြောင်းများသည် ချောင်းဦးမြို့၏ တောင်ဘက် ချောင်းဦး- ရေစကြိုသွား ကားလမ်းဘေးရှိ ငါးလုံးတင်ကျေးရွာအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို အသေးစိတ်ဆက်လက်ဆောင်ရွက်ခဲ့ရာ ငါးလုံးတင်ရွာ၏ အရှေ့ဘက် မီတာ ၄၀၀ ခန့်အကွာ လယ်ကွင်းအတွင်းရှိ အဆောက်အအုံ၏ မြေအောက်တွင် အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာဆောက်လုပ်ထားသည့် ကွန်ကရစ်မြေအောက်ဘန်ကာတစ်ခုကို တွေ့ရှိခဲ့ရသည်။ စာမျက်နှာ ၁၀ သို့ ❖



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်အခြေပြုနေထိုင်ပြီး စခန်းအဖြစ် အသုံးပြုထားသည့် မထိသာကျေးရွာအား သိမ်းပိုက်ရရှိစဉ်။



# သထုံမြို့၌ အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၁


နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၁၀ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် သထုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာမျက်နှာ ၁၀ သို့ ✰

# ကလေး-တမူးလမ်းကြောင်း ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဆောင်ရွက်စဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်အနီး အကြမ်းဖက်သောင်းကျန်းသူစခန်းအား သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၁၁

တပ်မတော်အနေဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်သော ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေး နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ရန်လင်းဖိုင်ကျေးရွာအနီး ရောက်ရှိနေသာ တပ်မတော်စစ်ကြောင်းများသည် စာမျက်နှာ ၁၀ သို့ ○




တပ်မတော်စစ်ကြောင်းများက တမူးမြို့နယ် ရန်လင်းဖိုင်ကျေးရွာအနောက်တောင်ဘက် မြန်မာ-အိန္ဒိယ နယ်စပ်အနီး အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိမှု။